မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်၌ စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၅)၊ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၁၈-၁၁-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနုံသာတို့ထက် သီလတည်းဟူသော အနုံသည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

ယနေ့ ဖတ်စရာ အချုပ်နှုန်း

တရုတ်သုတေသီများ ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာသစ် စမ်းသပ်၊ တစ်စက္ကန့်လျှင် ၆ ဒသမ ၇၅ ဂစ်ဂါဘစ်အထိ အချက်အလက်ပေးပို့နိုင်

စာမျက်နှာ ၈

အာဒါဂူလာကို ယူရီ သန်း ၂၀၀ ဖြင့် ကမ်းလှမ်းရန် ပီအက်စ်ဂျီအသင်း စိစဉ်

စာမျက်နှာ ၁၁

ချမ်းသာအစစ်ကို လိုချင်လျှင် (ဆောင်းပါး)

စာမျက်နှာ ၁၄

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ ဩဝါဒစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ သို့ ✦





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံဩဝါဒစကားပြောကြားစဉ်။

ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်



နေပြည်တော် နိုဝင်ဘာ ၁၇

ဆိုင်ကလုန်းမုန်တိုင်း“အက်ဗန်” အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ

စာမျက်နှာ ၅ သို့ ✦

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်၏ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၆ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပမည့် တတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးအစီအစဉ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်၏ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ရာ ယင်းနေ့နံနက် ၁၀ နာရီမှစတင်ပြီး MRTV HD၊ MRTV News၊ MRTV Parliament၊ MRTV Farmers’၊ MWD HD၊ MWD Variety ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၇

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ၈လ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဘုန်းမြတ်သူ ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပိုလက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိရေးနှင့် စာဖတ်ရှုနိုးဆွတ်မှုများပြီး စာပေဗဟုသုတများဖလှယ်ဆွေးနွေးနိုင်ရေးရည်ရွယ်ကာ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စာရေးဆရာမ မေချို(ပျဉ်းမနား)၊ စာရေးဆရာ စိန်ဝင်းနွယ်(ဘာသာပြန်)၊ စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာ စောနိုင်(အသုံးချဘောဂဗေဒ)၊ စာရေးဆရာ သဘာဝ၊စာရေးဆရာ မောင်လေထွေ(တောင်တွင်း)၊ စာရေးဆရာမ ချယ်ချယ်(YU)နှင့် စာပေဝါသနာရှင်များက မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်များအလိုက် အကြောင်းအရာများကိုဆွေးနွေးခဲ့ကြပြီး မိမိတို့၏ ရွာထောင့်အသီးသီးမှ ခံစားနားလည်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၇

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းက "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအား ကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများအား" ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တက်ရောက်လာသူများက မိမိတို့ဌာနအလိုက် ပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့်ပတ်သက်သော အကြောင်းအရာများအား အသီးသီးဆွေးနွေးတင်ပြခဲ့ပြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

ဆီးချိုရှိ၊ သွေးချိုရှိ ရောဂါအား စောစောရှာဖွေကုသပေး

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားနှုန်းခြေများကို လေ့လာခြင်းသုတေသန STEPS Survey (2024) အရ ဆီးချိုသွေးချိုရောဂါရှိသူ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆီးချိုသွေးချို ကနဦးအဆင့် ဖြစ်ပွားနေသူ ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီ သေဆုံးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမိုးဝင်းက နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ် (၄) ရှိ အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားသည်။

ယခုနှစ်ကမ္ဘာဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Early Action on Diabetes" ဖြစ်ပြီး ဆီးချိုသွေးချိုရောဂါကို စောစီးစွာသိရှိစစ်ဆေးပြီး အချိန်မီထိန်းချုပ်ကုသနိုင်ရန် ရည်ရွယ်၍ ဆီးချိုသွေးချိုရောဂါဘေးစောစောရှာဖွေကုသပေးဟု မြန်မာပြန်ဆိုထားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဆီးချိုသွေးချိုရောဂါသည် ရောဂါလက္ခဏာများ ထင်ရှားစွာမပြဘဲ တိတ်တဆိတ်ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်သည့်အတွက် အချိန်မီမစစ်ဆေးလျှင် ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် မျက်စိကွယ်ခြင်းတို့အပြင် ပြင်းထန်သည့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများကို ရင်ဆိုင်ရနိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုသွေးချိုရောဂါများအပါအဝင် အခြားမကူးစက်နိုင်သော ရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုကို လျော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၃-၂၀၂၇) ကိုရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် မကူးစက်နိုင်သောရောဂါများကို စစ်ဆေးကုသပေးသည့် ဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှုအတွက် လိုအပ်သည့် အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများကိုလည်း နိုင်ငံတော်မှ ကျပ်သန်းပေါင်းများစွာ အကုန်အကျခံဝယ်ယူ၍ ပြည်သူများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ မှတ်တမ်းဗီဒီယိုနှင့် ခင်းကျင်းပြသထားသော ပြခန်းငယ်များကို ကြည့်ရှုအားပေးခဲ့သည်။

ကိုယ်လက်လှုပ်ရှား အားကစားတစ်မျိုးမျိုးကို ပြုလုပ်ခြင်းသည် ကိုယ်ခန္ဓာကျန်းမာကြံခိုင်စေပြီး သက်လုံကောင်းစေသည့်အပြင် နာတာရှည်ရောဂါများကိုလည်း လျော့နည်းပပျောက်အောင် ကာကွယ်ပေးနိုင်သည်။ ကြွက်သားများ သန်မာခြင်းနှင့်ဆိုင်သော လေ့ကျင့်ခန်းများသည် ကြွက်သားများ သန်မာအားကောင်းစေသည့်အပြင် အဝလွန်ရောဂါ၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ သွေးအတွင်းအဆီများမူစသည့်ရောဂါများဖြစ်ပွားမှုမှ လျော့ပါးသက်သာစေပြီး ကြီတင်ကာကွယ် တားဆီးပေးထားနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး၊ ရောဂါရှာဖွေကုသပေးရေး၊ မကူးစက်နိုင်သောရောဂါများကာကွယ်ရေးလုပ်ငန်းစဉ်များအတွက် ထိရောက်သည့် စစ်ဆေးကုသမှုများပေးရန် အခြေခံကျန်းမာရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်း၊ ပြည်သူ့ဆေးရုံများတွင် အထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ စဉ်ဆက်မပြတ် အစဉ်တစိုက် လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ ဩဝါဒခံယူပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာဆရာမများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရင်းရင်းနှီးနှီး ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဩဝါဒစကားပြောကြားရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူစွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာ ဆရာမလောင်းများကို လက်တွေ့လုပ်ငန်းခွင်မဝင်မီ ယခုကဲ့သို့တွေ့ဆုံပြီး အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းဆင်းအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

ရသည်ကို ဝမ်းသာပီတိဖြစ်ရကြောင်း၊ ထို့ပြင် မောင်တို့ မယ်တို့၏ အခြေခံပညာရေးကစပြီး ဘွဲ့ရရှိသည်အထိ ပညာရေးခရီးစဉ်တစ်လျှောက် လမ်းညွှန်သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် ပညာရေးကို အားပေးပံ့ပိုးပေးခဲ့ကြသည့် မိဘအုပ်ထိန်းသူများကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ရန်ကုန် ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်တို့သည် ဆရာအတတ် ပညာရေးနယ်ပယ်တွင် ရှည်လျားသည့် သမိုင်းအစဉ်အလာ ကောင်းများနှင့် ဂုဏ်သတင်းမွေးသည့် တက္ကသိုလ်များလည်း ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ယင်းတက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများကို နှစ်စဉ်မပြတ်မွေးထုတ်ပေးနိုင်ခဲ့သည့် အရေးပါသော စွမ်းဆောင်မှုများအတွက်လည်း အသိအမှတ်ပြု ဂုဏ်ယူကြောင်းကို ပြောကြားလိုကြောင်း။

ပညာရေးတက္ကသိုလ်များ အနေဖြင့်လည်း ဆရာအတတ်သင်ပညာရေး အရည်အသွေးမြှင့်တင်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် ဉာဏ်ရည်တုနည်းပညာ (AI)ခေတ်အတွက် အဆင်သင့်ဖြစ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် လူမှုအသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားကြရန်လည်း လိုအပ်ကြောင်း။

မြန်မာစကားပုံတွင် **'ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်'** ဟု ဆိုကြပြီး ရေနှင့် အစားအစာသည် ခန္ဓာကိုယ်အသက်ရှင်ရပ်တည်ရန် လိုအပ်သကဲ့သို့ ပညာသည်လည်း လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး ရပ်တည်ရှင်သန်နိုင်ရန် မရှိမဖြစ်လိုအပ်ကြောင်း၊ စာပေဗဟုသုတနှင့် အသိပညာမပြည့်စုံသူများသည် ဘဝတစ်လျှောက် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် အခက်အခဲများစွာ ကြုံတွေ့နိုင်သောကြောင့် **'ပညာအသက် ဘဝတစ်သက်'** ဟုလည်း ဆိုနိုင်ကြောင်း။

ထို့ကြောင့် ပညာရေးသည် စာသင်ကြားပေးခြင်း၊ ဘွဲ့လက်မှတ်ရရှိစေခြင်းဟူသည့်အဆင့်ထက် ပိုမိုကျယ်ပြန့်ပြီး လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများ ပြည့်ဝသည့် လူတော်လူကောင်းများ ဖြစ်လာစေရေး ပညာရေးဖြင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ခေတ်မီနည်းပညာများ မည်မျှပင် တိုးတက်နေသည်ဖြစ်စေ ကျောင်းသားကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများကို ထိထိရောက်ရောက် ပြုစုပျိုးထောင်ပေးနိုင်မည့် ဆရာ ဆရာမများ၏ အရည်အသွေးကသာ ပို၍အဓိကကျကြောင်း။

ကျောင်းသား ကျောင်းသူများသည် စာအုပ်ထဲမှ ပညာရပ်များကိုသာ သင်ယူကြသည်မဟုတ်ဘဲ ဆရာ ဆရာမများ၏ အပြုအမူ၊ အပြောအဆို၊ စည်းကမ်းလိုက်နာမှုတာဝန်ယူမှုနှင့်ကိုယ်ကျင့်တရားများကိုပါ အတုယူသင်ယူကြသည် ဖြစ်ကြောင်း၊ **"ဆရာကောင်းတယည်၌ ပန်းကောင်းပန်"** ဟူသည့် ဆောင်ပုဒ်သည် အဓိပ္ပာယ် အလွန်နက်ရှိုင်းကြောင်း၊ ဆရာကောင်းတစ်ဦး၏ သင်ကြားပေးမှု၊ လမ်းညွှန်မှုနှင့် စံနမူနာကောင်းများသည် တပည့်များ၏ ဘဝတစ်လျှောက်လုံး အတွက် အကျိုးပြုနိုင်ကြောင်း။

မိမိတို့၏တပည့်များကို **'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ'** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်ကိုအခြေခံသည့် ပြည်ထောင်စုချစ်စိတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဓာတ်များ ကိန်းအောင်းရှင်သန်လာစေရေးနှင့် လိမ္မာယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းအတွက် မဖြစ်မနေလိုအပ်သည့် စည်းကမ်းသိရှိလိုက်နာမှုများကို လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေးနည်းပညာနှင့်အသက်မွေးဝမ်းကျောင်း ပညာရေးတိုးချဲ့ဖော်ဆောင်ရေးသင်ကြားရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များကိုက်ညီစေရေးဆရာဆရာမများ၏အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေများကိုလည်း တိုးမြှင့်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘတ်ဂျက်၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်းကို ခွဲဝေသုံးစွဲသွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများ၏ ပညာရေးဆိုင်ရာအသုံးစရိတ်များကိုပါ ထည့်တွက်မည်ဆိုပါက ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ၉ ဒသမ ၂၂ ရာခိုင်နှုန်းအထိ သုံးစွဲသွားရန် ဆောင်ရွက်ထားကြောင်း။ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် ဘတ်ဂျက် ခွဲဝေမှုကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရန်နှင့် မိမိတို့အစိုးရ၏ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရန် ရည်မှန်းထားကြောင်း။

ထိုသို့ပညာရေးအတွက် ခွင့်ပြုရန်ပုံငွေများ တိုးမြှင့်ရင်းနှီးမြှုပ်နှံခြင်းသည် စာသင်ကျောင်းနှင့် အဆောက်အအုံများ တည်ဆောက်ပေးရုံသာမက ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန်၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ ကျောင်းသားကျောင်းသူများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် အနာဂတ်လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်ကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းများကို စံကိုက်ကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရေးကိုလည်း ဆောင်ရွက်နေကြောင်း၊ စံကိုက်ကျောင်းများအဖြစ် အခြေခံပညာမူလတန်းကျောင်းများအတွက် ကျောင်းပိုင်မြေ သုံးဇကေမှ ငါးဇကေအထိ၊ အလယ်တန်းကျောင်းများအတွက် ငါးဇကေမှ ခုနစ်ဇကေအထိနှင့် အထက်တန်းကျောင်းများအတွက် ခုနစ်ဇကေမှ ၁၀ ဇကေအထိဟူ၍ သတ်မှတ်ထားကြောင်း၊ ကျောင်းဆောင်သစ်များ၊ အကြီးစားပြုပြင်မွမ်းမံမှုများ၊ ဘက်စုံသုံးခန်းမနှင့် အားကစားရုံများ၊ စုဝေးကွင်းများ။ ခြံစည်းရိုးများ။ သန့်စင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း လိုအပ်ချက်နှင့်အညီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက် နေကြောင်း။

အခြေခံပညာရေးပိုင်းတွင် KG+9 အထိ မသင်မနေရ ပညာရေးစနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာရေးတစ်ပိုင်းတစ်စဖြင့် ရပ်နားခဲ့ရသူများ ပညာရေးလမ်းကြောင်းပေါ် ပြန်လည် ရောက်ရှိရေးတို့ကို အလေးထားဆောင်ရွက် နေကြောင်း။

ထိုသို့ ဆောင်ရွက်နေရခြင်းမှာ လူတစ်ယောက်အတွက် ဘဝတစ်လျှောက်လုံး ရှင်သန်ရပ်တည်နိုင်ရန် မူလတန်းပညာအဆင့်တစ်ခုတည်းဖြင့် မလုံလောက်ခြင်းကြောင့်ဖြစ်ကြောင်း။ အနည်းဆုံး အလယ်တန်းပညာအဆင့် ပြီးမြောက်မှသာ လူဘဝအတွက် လိုအပ်သည့် အသိဉာဏ်ပညာ၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများ ပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း။ ထို့ကြောင့် မူလတန်းအဆင့်၌ပင် ကျောင်းထွက်မှုများမဖြစ်ပေါ်စေရေးနှင့် KG+9 ပြီးမြောက်သည်အထိ သင်ယူနိုင်ရေးကို အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မောင်တို့မယ်တို့သည် အထက်တန်းပြဆရာများအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ အထက်တန်းအဆင့်တက်ရောက်လာသည့်ကျောင်းသားများသည် နိုင်ငံတော်မှ အနိမ့်ဆုံးသတ်မှတ်ထားသည့် KG+9 ပြီးမြောက်အောင်မြင်သူများဖြစ်သဖြင့် အထက်တန်းပညာ၊ အဆင့်မြင့်ပညာကို စိတ်အားထက်သန်စွာဖြင့် တတ်မြောက်သင်ကြားလိုသူများလည်း ဖြစ်ကြကြောင်း၊ KG+12 ပြီးမြောက်၊ ဖြေဆို၊ အောင်မြင်သူများဖြစ်အောင် အစစအရာရာ အားပေးကြရန်လိုကြောင်း။ ယင်းလုပ်ငန်းများကို မိမိတို့တာဝန်ကျရာ ဒေသများတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မိဘများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းပြီး လုံ့ဆော်၊ စည်းရုံး ပံ့ပိုးအားပေးခြင်းများဖြင့် ပိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၃ မှ

တစ်ဖက်တွင်လည်း အခြေခံပညာ အလယ်တန်းအဆင့်မှစပြီး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံ ဘာသာရပ်များ သင်ကြားပေးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ယင်းဘာသာရပ် များနှင့်သက်ဆိုင်သည့် အထက်တန်း ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေး နေကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းများကို သင့်လျော်သည့် တက္ကသိုလ်၊ကောလိပ်အဆင့်အထိ မြှင့်တင် ပေးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ယခုနှစ်တွင် Polytechnic University သုံးခုနှင့် ၂၀၂၇-၂၀၂၈ ပညာသင်နှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် Polytechnic School များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း။

ထိုသို့အသက်မွေးဝမ်းကျောင်းပညာရေး နှင့် အခြေခံပညာရေးကို ချိတ်ဆက် ဆောင်ရွက်နေခြင်းသည် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့စိတ်ဝင်စား ရာ ပညာရပ်များနှင့် လက်တွေ့အသုံးချနိုင် သည့် ကျွမ်းကျင်မှုများကို စောစီးစွာရရှိ လာစေရန်အတွက်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှု ထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင် ခဲ့သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်များတွင် ပညာသင်ယူမှုရပ်နားခဲ့ ရသူများအတွက် အခြေခံသက်မွေး ဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ် သင်ကြားပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက် နေကြောင်း၊ ထို့ပြင်ပညာရေးတစ်ပိုင်း တစ်စဖြင့် လုပ်ငန်းခွင်အတွင်းရောက်ရှိ နေသူများကိုလည်း မိမိတို့ရရှိထားသည့် လုပ်ငန်းခွင် ကျွမ်းကျင်မှုများမှတစ်ဆင့် ပညာရေးလမ်းကြောင်းပေါ် ပြန်လည် ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ အလားတူ ပညာရေးအခွင့်အလမ်းများကို မြို့ပြဒေသများတွင်သာမက ဝေးလံခေါင်သီ သည့် တောင်ပေါ်ဒေသများ၊ နယ်စပ်ဒေသ များနှင့် ပညာရေးဝန်ဆောင်မှု အားနည်း နေသည့် နေရာများတွင်ပါ ရရှိနိုင်ရေး ဆောင်ရွက်ပေးနေကြောင်း။

ထို့ပြင် ပညာရေးကဏ္ဍာဖွံ့ဖြိုးတိုးတက် ရေးနှင့်အတူ အားကစားကဏ္ဍာကိုလည်း အလေးအနက်ထား ဆောင်ရွက်နေ ကြောင်း၊ ပညာရေးဆိုသည်မှာ စာပေ သင်ကြားပေးရုံဖြင့်မပြီးဘဲ ကျောင်းသား ကျောင်းသူများ ကိုယ်စိတ်နှစ်ပါး၊ ကျန်းမာ ကြံ့ခိုင်ပြီး စည်းကမ်းရှိသည့် လူငယ်များ ဖြစ်လာရန်လည်း လိုအပ်ကြောင်း၊ အားကစား လှုပ်ရှားမှုများသည် ကျန်းမာရေး ကောင်းမွန်စေရုံသာမက စည်းကမ်းလိုက်နာမှု၊ ခွဲလုံ့လ၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှု စိတ်ဓာတ်များကိုပါ ပျိုးထောင်ပေးနိုင် ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများကို ပညာရည်သာမက ကိုယ်ကာယကြံ့ခိုင်မှုနှင့်စိတ်ဓာတ်ခိုင်မာ မှုတို့ပါ ပြည့်စုံလာစေရေး အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများတွင် ပါဝင်လာ အောင် ဆရာ ဆရာမများက အားပေး လမ်းညွှန်ပေးကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများချမှတ်ပြီး ဘဏ္ဍာငွေ၊ အခြေခံ အဆောက်အအုံနှင့် ပညာရေးအခွင့် အလမ်းများ ဖြည့်ဆည်းပေးနေသကဲ့သို့ ထိုသို့ဆောင်ရွက်ချက်များကို လက်တွေ့ အောင်မြင်စေအောင် အကောင်အထည်ဖော် ပေးကြမည့် ဆရာ ဆရာမများ၏ အခန်း ကဏ္ဍာသည်လည်း အလွန်အရေးကြီး ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့ အနေဖြင့် လုပ်ငန်းခွင်ရောက်ရှိသည့်အခါ အထူးအလေးထား လိုက်နာဆောင်ရွက်ရ မည့် အချက်(၅)ချက်ကို မှာကြားလို ကြောင်း။

ပထမအချက်အနေဖြင့် ပညာရပ် ဆိုင်ရာကျွမ်းကျင်မှုနှင့် သင်ကြားရေး အတွေ့အကြုံတို့ကို အမြဲတမ်းမြှင့်တင် နေကြရန်ဖြစ်ကြောင်း၊ မိမိတို့သင်ကြား ပို့ချရမည့် ဘာသာရပ်များကို ကျွမ်းကျင် ပိုင်နိုင်စွာ သိရှိနားလည်ထားရမည်ဖြစ်ပြီး သင်ကြားရေး နည်းစနစ်များကိုလည်း အစဉ်တစိုက် လေ့လာနေကြရမည်ဖြစ် ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်၊ သင်ယူနိုင်စွမ်းနှင့် လိုအပ်ချက်များအပေါ်မူတည်ပြီး သင့်တော် သည့် သင်ကြားသင်ယူမှု နည်းလမ်းများ ကို အသုံးပြုကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် **ကျောင်းသား ဗဟိုပြု သင်ကြားသင်ယူမှုကို အကောင် အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်** ကြောင်း၊ ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာ၊ မေးခွန်းမေးမြန်းခြင်းများ၊ ဆွေးနွေးခြင်းများလုပ်ရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်စဉ်းစားပြီး လက်တွေ့လုပ်ဆောင် နိုင်ရန်နှင့် သင်ယူထားသည့် အသိပညာ များကို အသုံးချနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးကြရမည် ဖြစ်ကြောင်း၊ ကျောင်းသား တစ်ဦးချင်းစီ၏ မတူကွဲပြား သည့် သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို နားလည်ပြီး မည်သူမျှ နောက်ကျမကျန်စုစု စေရေး အလေးထားသင်ကြားပေးကြရ မည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် **ဆရာ ကျင့်ဝတ်နှင့် စံနမူနာကောင်းများကို ထိန်းသိမ်းလိုက်နာကြရန် ဖြစ်**ကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေးသူ များသာမက အတုယူအားကျရသည့် စံနမူနာကောင်းများလည်း ဖြစ်ကြရမည် ဖြစ်ကြောင်း။ ထို့ကြောင့် ရိုးသားဖြောင့်မတ် မှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှု၊ တရား မျှတမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ တွင် လက်တွေ့ ကျင့်သုံးကြရမည်ဖြစ် ကြောင်း။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဆိုသည့်အတိုင်း မိဘသည် လူတစ်ဦး၏ ပထမဆုံးဆရာဖြစ်ပြီး ဆရာ ဆရာမများသည်လည်း ဘဝတိုးတက်ရေး အတွက် လမ်းညွှန်ပေးသူများဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့တပည့် သားသမီးများအတွက် ဒုတိယမိဘများ ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ များ၏ အသက်အရွယ်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအခြေအနေများကို နားလည်ပြီး သားသမီးအရင်းအချာကဲ့သို့ သဘောထား ကာ ကြင်နာမှု၊ စိတ်ရှည်မှုနှင့် လေးစားမှု တို့ကို အခြေခံပြီး သင်ကြားလေ့ကျင့်ပေး ကြရန်လိုကြောင်း။

ကျောင်းဆိုသည်မှာ ကျောင်းသား ကျောင်းသူတိုင်း လုံခြုံစိတ်ချစွာ သင်ယူ နိုင်သည့် နေရာဖြစ်ရန်လည်း လိုအပ် ကြောင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံ ခြင်း၊ အရှက်ရစေခြင်းတို့ကို ရှောင်ကြဉ်ပြီး ကျောင်းသား ကျောင်းသူများ၏ အားသာချက်များကို ဖော်ထုတ်ပြီး



သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြား စဉ်။

အားနည်းချက်များကို ပြုပြင်လာအောင် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တပည့်များကို ပညာရပ်သင်ကြားပေးနေ သကဲ့သို့ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား ကိုလည်း ပြုပြင်ပျိုးထောင်ပေးကြရန် အရေးကြီးကြောင်း။

စတုတ္ထအချက်အနေဖြင့် **လုပ်ငန်းခွင် အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန် ယူမှုရှိကြရန်ဖြစ်**ကြောင်း၊ မိမိတို့ တာဝန်ကျရာ ကျောင်းနှင့်ဒေသများတွင် ကျောင်းအုပ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအကြား အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ များတွင်လည်း စေတနာထားပြီး တတ်နိုင် သမျှ ပါဝင်ကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပဉ္စမအချက်အနေဖြင့် **ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန် ဖြစ်**ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြတော့မည် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အထူးစောင့်ထိန်းလိုက်နာကြရန် မှာကြား လိုကြောင်း၊ ဝန်ထမ်းတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်း ရမည့် ကျင့်ဝတ်များနှင့် လိုက်နာရမည့် စည်းကမ်းများကို သိရှိနားလည်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ **"ဝန်ထမ်းကောင်းမှ နိုင်ငံ ကောင်းမည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံအတွက် အားကိုးအားထားပြုရမည့် ပညာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ပညာရပ်ဆိုင်ရာ အသိပညာကိုသာ အားကိုး နေခြင်းမျိုးမဟုတ်ဘဲ သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်သင်ကြားရေး အထောက်အကူ ပြုကိရိယာများ၊ အွန်လိုင်းသင်ယူမှု အရင်း အမြစ်များနှင့် AI နည်းပညာများကိုလည်း သင့်လျော်မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာကို အသုံးပြုနိုင်ရေး တစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ နည်းပညာကို အသုံးချပြီး ကျောင်းသား ကျောင်းသူများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ စွမ်းဆောင်ရည်များ တိုးတက်လာအောင် စီမံသင်ကြားပေးနိုင်ရန် ပို၍အရေးကြီး ကြောင်း၊ နည်းပညာအသုံးပြုရာတွင်လည်း အချက်အလက်မှန်ကန်မှု၊ ကိုယ်ရေး အချက်အလက်လုံခြုံမှုနှင့် ပညာရေး ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကြရန် လိုကြောင်း။

ထို့ပြင် မိမိတို့၏ သင်ကြားရေးအတွေ့ အကြုံများကို ပြန်လည်သုံးသပ်ပြီး အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်၊ ပိုမိုကောင်းမွန်သည့် သင်ကြား ရေး နည်းလမ်းများကို ရှာဖွေကြရန်လိုအပ် ကြောင်း၊ စာမျက်နှာ ၅ သို့ ☆

☆ မောင်တို့၊ မယ်တို့အနေဖြင့် လုပ်ငန်းခွင်ရောက်ရှိသည့်အခါ အထူးအလေးထား လိုက်နာဆောင်ရွက်ရမည့် အချက်(၅)ချက်ကို မှာကြားလို၊ ပထမအချက်အနေဖြင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် သင်ကြားရေး အတွေ့အကြုံတို့ကို အမြဲတမ်းမြှင့်တင်နေကြရန်ဖြစ်
☆ ဒုတိယအချက်အနေဖြင့် ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်
☆ တတိယအချက်အနေဖြင့် ဆရာ့ကျင့်ဝတ်နှင့် စံနမူနာကောင်းများကို ထိန်းသိမ်းလိုက်နာကြရန်ဖြစ်
☆ စတုတ္ထအချက်အနေဖြင့် လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုရှိကြရန်ဖြစ်
☆ ပဉ္စမအချက်အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန်ဖြစ်

☆ စာမျက်နှာ ၄ မှ

အတွေ့အကြုံရှိသည့် ဆရာ ဆရာမများ ထံမှ လေ့လာသင်ယူပြီး သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အတွေ့အကြုံဖလှယ်ပွဲများတွင် ပါဝင်ခြင်းများကတစ်ဆင့် မိမိတို့၏ ပညာရပ်နှင့် သင်ကြားရေး စွမ်းရည်များကို အဆက်မပြတ် မြှင့်တင်သွားကြရန်လည်း တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် လုပ်ငန်းခွင်အတွင်း စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuous Professional Development-CPD) ကို အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ဆရာတစ်ဦး၏ အောင်မြင်မှုကို မိမိ သင်ကြားပို့ချခဲ့သည့် သင်ခန်းစာအရေအတွက်၊ အချိန်ကာလနှင့် လုပ်သက်များ ဖြင့်သာ တိုင်းတာရခြင်းမဟုတ်ကြောင်း၊ မိမိတို့၏ သင်ကြားပေးမှုကြောင့် ကျောင်းသား ကျောင်းသူများ၏ အသိပညာတိုးတက်လာမှု၊ စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားလာမှု၊ မိမိကိုယ်ကို ယုံကြည်မှုရှိလာမှုနှင့် လူမှုပတ်ဝန်းကျင်တွင် တာဝန်ယူပါဝင်ဆောင်ရွက်နိုင်မှုတို့ကိုပါ ထည့်သွင်းတိုင်းတာရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများကို အသိပညာ၊ အတတ်ပညာနှင့် ဇလငါးတန်ပြည့်စုံသည့် အဖိုးတန်လူငယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မိမိတို့ရရှိထားသည့် ဘွဲ့လက်မှတ်ကို ပညာသင်ယူမှု၏ အဆုံးသတ်အဖြစ် မမြင်ကြစေလိုကြောင်း၊ လက်တွေ့ လုပ်ငန်းခွင်သည်လည်း ဆက်လက် လေ့လာသင်ယူရမည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်ကြောင်း၊ ဘဝတွင် လေ့လာသင်ယူမှုဆိုသည်မှာ မည်သည့်အခါမျှပြီးဆုံးသွားသည် မဟုတ်သည့်အတွက် "Lifelong Learning"ဆိုသည့်အတိုင်း အသက်ထက်ဆုံး စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန် တိုက်တွန်းလိုကြောင်း။

ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အစိုးရတာစရပ် တည်း၏ တာဝန်မဟုတ်ဘဲ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့် လူမှုအဖွဲ့အစည်းအားလုံး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးအပေါ်တွင် တန်ဖိုးထား၊ ဆရာဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ကျေပွန်အောင် ထမ်းဆောင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။ **"ဆရာကောင်းမှ တပည့်ကောင်းမည်၊ တပည့်ကောင်းမှ လူ့အဖွဲ့အစည်းကောင်းမည်၊ လူ့အဖွဲ့အစည်းကောင်းမှ အနာဂတ်ကောင်းကို တည်ဆောက်နိုင်မည်"** ဆိုသည့် ယုံကြည်ချက်ဖြင့် မိမိတို့အားလုံး ပညာရေးတာဝန်ကို ဂုဏ်ယူစွာ၊ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား ကျောင်းသူနှစ်ဦးက ရန်ကုန် ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းဆင်းအထိမ်းအမှတ် လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting-27th ACAMM)နှင့် (၁၄)ကြိမ်မြောက် အာဆီယံ လုပ်သက်ရင့်အရာခံဗိုလ်များ နှစ်ပတ်လည်အစည်းအဝေး (14th ASEAN Sergeant Majors Annual Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Double Tree Hotel ၌ ကျင်းပပြုလုပ်သည်။



ဆက်လက်၍ (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting- 27th ACAMM) အား ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ဦးစွာအစည်းအဝေးတွင် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန်စရီ အက်ဓ်ဟန် ဘင် ဟာဂျီ မိဟာမက် အိုသမန် (Tan Sri Azhan bin Hj Md Othman)က အဖွင့်မိန့်ခွန်းပြောကြားပြီး (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(28th ACAMM)၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယား တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်အား တာဝန်လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန် စရီ အက်ဓ်ဟန် ဘင် ဟာဂျီ မိဟာမက် အိုသမန် (Tan Sri Azhan Bin Hj Md Othman)၊ ဘရူနိုင်း ဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် အယ်လ်ဒီ ဘင် ဟာဂျီ ဟတ်ဆန် (Aldi Bin Haji Hassan)၊ လာအို ပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်မှူးချုပ်ထောင်းဆာမိုင်းဆွတ်ပဆစ် (Thongsamay Soukpasirth)၊ ဗီယက်နမ် ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ငွီယန် ဘာလွတ် (Nguyen Ba Luc) နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မော်ဆိုဖန်း (Mao Sophan) တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီးတို့သည် မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✦ ဆိုင်ကလုန်းမုန်တိုင်းမှ

ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၅၀ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအား နှင့် လေတိုက်နှုန်း

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂.၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅.၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့် ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်း ကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရန်မ်ကမ်းခြေတို့ကို နယ်လိုရီမြို့နှင့် တူနီဗြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအားလုံး ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအားလုံးကို (၁-၁၂-၂၀၂၆)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် (၁၉-၁၁-၂၀၂၆)ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံး ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ၁၉-၁၁-၂၀၂၆ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ၂၀၂၆ ခုနှစ် ကချင်ရိုးရာ ကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မြစ်ကြီးနာ၊ နိုဝင်ဘာ ၁၇

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် ဆန်စပါးနှင့် ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော်ကို ယခုနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်း၍ ယနေ့နှင်နှက် ၉ နာရီက မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်း ရှိ မဂျယ်ခန်းမ၌ ဌာနေတိုင်းရင်းသားလူမျိုးပေါင်းစုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖင်ကြိုးဖြတ်ဖွင့်လှစ်ပေး

ကချင်ရိုးရာ ကောက်သစ်စားပွဲတော်မှခမ်းဦးကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်လုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် ဒေါ်ခြဲဘူ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်တို့က ဖင်ကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော် ကျေးဇူးတော်ချီးမွမ်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ကယနေ့ပွဲတော်သည် ကချင်လူမျိုးများ၏ ဘိုးဘေးစဉ်ဆက်လက်ထက်ကတည်းက ကျင်းပကြသည့် ရိုးရာပွဲတော်များအနက် ထင်ရှားသည့် အင်လုံအင်နန်ရှားပွဲ(ခေါ်) ရိုးရာကောက်သစ်စားပွဲ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုကဲ့သို့ မိမိတို့၏ရိုးရာပွဲတော်ကို ဌာနေတိုင်းရင်းသားများအားလုံးနှင့် အတူတကွ ချစ်ခင်



စည်းလုံးစွာ ပါဝင်တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ကို အတူတကွ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ကို ယခုထက်ပိုမို တိုးတက်မြင့်မားလာပါစေကြောင်း ပြောကြားသည်။

ယင်နောက် ကျေးဇူးတော်ချီးမွမ်းဝတ်ပြုခြင်း အစီအစဉ်ကို ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဓမ္မဆရာများ၊ သိက္ခာတော်ရဆရာများက ဦးဆောင်၍ အဖွင့်ကျမ်းစာ ဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာရွတ်ဆိုချီးမွမ်းခြင်း၊ ဓမ္မဒေသနာတော် ဟောပြောခြင်း၊ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထူးဆုတောင်းဆက်ကပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ရိုးရာကောက်ပဲသီးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များထံ ပေးအပ်ကြပြီး ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံဆုတောင်းဆက်ကပ်ပေးပြီး အခမ်းအနားကို ရပ်သိမ်းလိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တစ်နှစ်တာအတွင်း အဦးအမှားရရှိသော ကောက်သစ် (ဆန်)ဖြင့် ချက်ပြုတ်ထားသော နေ့လယ်စာကို အတူတကွရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မနောတိုင်ရှေ့ မနောရင်ပြင်၌ ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတွင် အထင်ကရနှင့် အကျော်ကြားဆုံးဖြစ်သည့်အပြင် ကချင်တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုနှင့် ယဉ်ကျေးမှုအလှကို ဖော်ထုတ်ပြသသည့် "ထောင်ကာ" အကကို ရိုးရာတေးဂီတအဖွဲ့နှင့်အတူ ပိုင်းဖွဲ့၍ ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲကြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ စီတာပူ(စက်မှု) ရုပ်ကွက်အတွင်း ကချင်ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ ကျောက်စိမ်း၊ ကျောက်မျက်အချောထည် ရောင်းဝယ်ရေးစင်တာသို့ သွားရောက်၍ အချောထည်ရောင်းဝယ်ရေးစင်တာ၌ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပယင်းများကို အချောထည်ပြုလုပ်၍ ပြည်တွင်းစျေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး စျေးကွက်ရရှိမှုအခြေအနေများ မေးမြန်းဆွေးနွေးကာ အချောထည်ပြုလုပ်ရောင်းချနိုင်ခြင်းအပြင် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဒီဇိုင်းသစ်များ ထုဆစ်ရောင်းချခြင်းဖြင့် စျေးကွက်ပိုမိုရရှိအောင် ကြိုးစားကြရေး မှာကြားသည်။

ထို့မှတစ်ဆင့် မြစ်ကြီးနား ရွှေဆောင်ပင်ရုပ်ကွက်အတွင်း "ဂျိမ်းဖောသူ" တိုင်းရင်းသားရိုးရာရက်ကန်းလုပ်ငန်းသို့ သွားရောက်၍ ရက်ကန်းရုံအတွင်း ကချင်တိုင်းရင်းသားရိုးရာ အဆင်ဒီဇိုင်းများအား စက်ရက်ကန်း၊ လက်ရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်ထံ ကမ္ဘောဒီးယားနိုင်ငံ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cheap Sour ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လက်ရှိသဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်လျက်ရှိသည့် ကမ်းလွန်လုပ်ကွက်များ၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရန် အလားအလာကောင်းသော ကမ်းလွန်လုပ်ကွက်များနှင့် လစ်လပ်လျက်ရှိသော ကမ်းလွန်လုပ်ကွက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကမ္ဘောဒီးယားနိုင်ငံတွင်



လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်များ ပေါင်းစပ်အသုံးပြုလျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရယူနေရမှုအခြေအနေ၊ ကမ္ဘောဒီးယားနိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် Power Plant အတွက် လိုအပ်မည့် သဘာဝဓာတ်ငွေ့ကို မြန်မာနိုင်ငံ၏ လက်ရှိသွယ်တန်းထားရှိသည့် ပိုက်လိုင်းနှင့် အခြေခံအဆောက်အအုံများကို အသုံးပြု၍ LNG နှင့် သဘာဝဓာတ်ငွေ့ရောင်းဝယ်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးတို့နှင့်ပတ်သက်ပြီး ရင်းနှီးမှုင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆဋ္ဌမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆဋ္ဌမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပရာ ကထိန်အလှူခံ မဟာအောင်မြေမြို့နယ်၊ မြင်းဝန်မင်းကြီးကျောင်းတိုက်မှ ဥယျာဉ်ကျောင်း ဆရာတော် ဘဒ္ဒန္တကေသရာစာရ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်၊ ပတ္တမြားကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိဝံသအမှူးပြုပြီး ကထိန်အလှူခံကျောင်းများမှ ကျောင်းထိုင်နာယကဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများ၊ ဇည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြင်းဝန်မင်းကြီးကျောင်းတိုက် ဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တကေသရာစာရထံက ငါးပါးသီလ ခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးက မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ သံဃာတော်များကိုယ်စား ဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တကေသရာစာရထံ ကထိန်လျာ ဥတ်သင်္ကန်း၊ နဝကမ္မဝတ္ထုဇွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်သင်္ကန်းများကို တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်၊ မြင်းဝန်မင်းကြီးကျောင်းတိုက် ပတ္တမြားကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိဝံသထံမှ ကထိန်အနုမောဒနာ တရားနာကြားပြီး လူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရပ်သိမ်းခဲ့သည်။



ယနေ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆဋ္ဌမအကြိမ် စုပေါင်း မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များမှ ငွေပဒေသာပင်(နဝကမ္မဝတ္ထုငွေ)နှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၇၈၆၉၁၄၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ချောက်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ချောက် နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသောလူငယ်စကားဝိုင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးသူများအဖြစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade - 11 မှ မဆောင်းဝတ်လွှာနှင်း၊ Grade - 10 မှ မအိမြတ်မွန်၊ မဆုဝတ်ရည်ဖြိုး၊ မနီနီအောင်တို့က စာရေးဆရာ နန္ဒာသိန်းဇံရေးသားသည့် "ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း" စာအုပ်၏ စာပေများနှင့်စာအုပ်၏အနှစ်ချုပ်၊ စာအုပ်ကို လေ့လာဖတ်ရှုခြင်းဖြင့် စာအုပ်ပါ စာသားအချို့နှင့် ဖတ်ရှုရသည့်အခြင်နှင့် အားသာချက်၊ အကျိုးကျေးဇူးများကို အသီးသီးဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသည့် အ.ထ.က(၁)ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ထို့နောက်လူငယ်စကားဝိုင်းဆွေးနွေးသည့် ကျောင်းသူလေးများအား မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၂၀၀)ဦး တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက အယ်လ်နီညီကြိုတင်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်ပြပွဲ၊ မူးယစ်ဆေးဝါး အသိပညာပေးနံ့ရံကပ်စာစောင်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အယ်လ်နီညီကြိုတင်ကာကွယ်ရေး အသိပညာပေးနံ့ရံကပ်စာစောင် ပြသရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားလေ့လာကြည့်ရှုကြောင်း သိရသည်။



(ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

၀-၀-၀-၀-၀

ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



ဧမျူသီရိ နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပျဉ်းမနားခရိုင်၊ ဧမျူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တဲကြီးကုန်းကျေးရွာအုပ်စု၊ ရွာတောကျေးရွာ၌ ကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်မနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ရွာတောကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းရန်ပုံငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်နေသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအား စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ကျေးရွာတွင်း လမ်းအရှည်ပေ ၂၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ထု ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းမှ ပုံပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၄၀ သန်း အသုံးပြု၍လည်းကောင်း၊ လမ်းအရှည်ပေ ၁၁၀၊ အကျယ် ၁၀၊ အမြင့်ထု ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေကျပ် ၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၇ သန်း အသုံးပြု၍လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ ယခုနှစ် အောက်တိုဘာ ၃၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဧမျူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

၀-၀-၀-၀-၀



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

တရုတ်ကွန်မြူနစ်ပါတီ ပဟိုဂေါ်မတီ အထွေထွေအတွင်းရေးပုဂ္ဂိုလ်နှင့် သမ္မတ ရီကျင့်ပျင်
ပီယက်နမ် သမ္မတ တိုလမ်အား ကွမ်တုံပြည်နယ်ရှိ ရွှန်ကျန်းမြို့၌ လက်ခံတွေ့ဆုံ



ပေကျင်း နိုဝင်ဘာ ၁၇

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးနှင့် သမ္မတ ရီကျင့်ဖျင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတ တိုလမ်အား ယမန်နေ့က ရွှန်ကျန်းမြို့၌ လက်ခံတွေ့ဆုံခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဧည့်သည်တော်ဗီယက်နမ်ခေါင်းဆောင်တိုလမ်သည် ထိုမြို့တွင်လက်ခံကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုညီလာခံတက်ရောက်ရန် အတွက် တရုတ်နိုင်ငံသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ရွှန်ကျန်းမြို့သည် နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပရန် စီစဉ်ထားသည့် ၃၃ ကြိမ်မြောက် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသောကြောင့် သိရသည်။

Mon

အိုဟိုင်းယိုးပြည်နယ်မှ အသက် ၉၁ နှစ်အရွယ် ပွိုင်းရိုင်ယန် နိုင်ငံတကာငါးနှစ်ခရီးစဉ်ကို အောင်မြင်စွာ ပြီးမြောက်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၁၇

အသက် ၉၁ နှစ်အရွယ်တွင် ပထမဆုံးအကြိမ် နိုင်ငံကူးလက်မှတ်ရရှိခဲ့သည့် အိုဟိုင်းယိုးပြည်နယ်မှ အတွားအိုတစ်ဦးသည် မြေးဖြစ်သူနှင့်အတူ ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်စလုံးသို့ ခရီးလှည့်လည်သွားရောက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုရှိ အမျိုးသားဥယျာဉ် ၆၃ ခုစလုံးကို စူးစမ်းလေ့လာအပြီးတွင် စတင်ခဲ့သော ငါးနှစ်တာ နိုင်ငံတကာ စွန့်စားခန်းခရီးစဉ်ကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။



အိုဟိုင်းယိုးပြည်နယ်မှ ပွိုင်းရိုင်ယန်သည် အသက် ၄၅ နှစ်အရွယ်မြေးဖြစ်သူ ဘရက်ဒ်ရိုင်ယန်နှင့်အတူ ထိုင်းနိုင်ငံသို့ သွားရောက် လည် ပတ်အပြီး ၄င်းတို့၏ နောက်ဆုံးတိုက်ကြီး ဖြစ်သော ဩစတြေးလျှတိုက်သို့ ရောက်ရှိချိန်တွင် အဆိုပါ စိန်ခေါ်မှုခရီးစဉ်ကို မကြာသေးမီက ပြီးမြောက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

၄င်းတို့မြေးအဘွားနှစ်ဦး၏ ပူးတွဲခရီးစဉ်ကို ၂၀၁၅ ခုနှစ်တွင် ပွိုင်း အသက် ၈၅ နှစ်အရွယ်၌ မိသားစုချင်း ဆယ်စုနှစ်တစ်ခုနီးပါး အဆက်အသွယ်ပြတ်တောက်နေရာမှ ဘရက်ဒ်က ပြန်လည်ဆက်သွယ်မိချိန်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ အတွားဖြစ်သူသည် တောင်တန်းတစ်ခုကိုမျှ တစ်ခါဖူးမျှ မမြင်ဖူးကြောင်း သိရှိရပြီးနောက် ဘရက်ဒ်က ဂရိတစ်မုတ်ကီး တောင်တန်းများ အမျိုးသားဥယျာဉ်သို့ စခန်းချခရီး ထွက်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

o–o–o–o–o

ကိုရီးယားယဉ်ကျေးမှုကို ကမ္ဘာတစ်ဝန်းလူကြိုက်များလာခြင်းကြောင့် တစ်နှစ်အတွင်း နိုင်ငံခြား ဧည့်သည် သန်း၂၀ကျော် လာရောက်လည်ပတ်ခဲ့



ဆိုးလ် နိုဝင်ဘာ ၁၇

ကိုရီးယားယဉ်ကျေးမှုကို ကမ္ဘာတစ်ဝန်း လူကြိုက်များလာခြင်းကြောင့် ဆိုးလ်မြို့ပြင်ပသို့ပါ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာခဲ့ရာ တောင်ကိုရီးယားနိုင်ငံသို့ တစ်နှစ်အတွင်း နိုင်ငံခြား ခရီးသွားဧည့်သည် သန်း၂၀ကျော် ပထမဆုံးအကြိမ် လာရောက်ဧည့်သည် ၁၉ ဒသမ ၉၇ သန်း ဝင်ရောက်ခဲ့ကြောင်း ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာလအထိ နိုင်ငံခြားခရီးသွားဧည့်သည်များ၏ သုံးစွဲငွေမှာ ကိုရီးယားဝမ် ၁၅ ဒသမ ၉၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ) ရှိခဲ့ပြီး ယမန်နှစ်အလားတူ ကာလအတွင်း သုံးစွဲခဲ့သည့် ဝမ် ၁၀ ဒသမ ၇၉ ထရီလီယံထက် ၄၇ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

Mon

မကြာသေးမီက ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်အရ အိန္ဒိယ၌ လူဦးရေ သန်း ၅၀၀ နီးပါးကို ဆင်းရဲမှုမှ လွတ်မြောက်စေခဲ့ဟုဆို



နယူးဒေလီ နိုဝင်ဘာ ၁၇

ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယရှိ ဆင်းရဲနွမ်းပါးသူဦးရေကို ရေတွက်ခြင်း မပြုတော့ဘဲ ဆယ်စုနှစ်တစ်ခု ကျော်ကြာသည်အထိ တရားဝင် စာသုံးမှုအခြေပြု ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်ကို ထုတ်ပြန်ခြင်း မရှိတော့ကြောင်း သိရသည်။

ယင်းအခြေအနေကြောင့် ကမ္ဘာ့ဘဏ်အနေဖြင့် ပိုမိုသစ်လွင်သော စားသုံးမှုစစ်တမ်းများနှင့် ၄င်း၏ကိုယ်ပိုင် ဆင်းရဲနွမ်းပါးမှု သတ်မှတ်စံနှုန်းများကို အသုံးပြုကာ နိုင်ငံတကာနှင့် နိုင်းယှဉ်နိုင်သော ခန့်မှန်းချက်များကို ထုတ်ပြန်ပေးနေရသည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ တစ်စောင်အရ အိန္ဒိယနိုင်ငံသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် အကြား လူဦးရေ သန်း ၅၀၀ နီးပါးကို ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါကာလအတွင်း အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၇ ဒသမ ၁ ရာခိုင်နှုန်းမှ ၂ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Mon

o–o–o–o–o

o–o–o–o

တရုတ်သုတေသီများ ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာသစ် ၈မ်းသပ်တစ်စက္ကန့်လျှင် ၆ ဒသမ ၇၅ ဂစ်ဂါဘစ်အထိ အချက်အလက်ပေးပို့နိုင်ခဲ့

ပေကျင်း နိုဝင်ဘာ ၁၇

တရုတ်သုတေသီများသည် ကျူ/ဗွီလှိုင်းနှုန်းစဉ်အတွင်း ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာသစ်ကို စမ်းသပ်ဆောင်ရွက်ခဲ့ရာ တစ်ခုတည်းသော ချန်နယ်ပေါ်၌ အမြင့်ဆုံး နှစ်ဖက်သွား အချက်အလက်ပေးပို့မှုနှုန်း တစ်စက္ကန့်လျှင် ၆ ဒသမ ၇၅ ဂစ်ဂါဘစ် အထိ ရရှိခဲ့ပြီး ၆ ဂျီဆက်သွယ်ရေးနှင့် ပြိုက်တုအင်တာနက်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အနာဂတ် ၆ ဂျီ ဆက်သွယ်ရေးအတွက် အရေးပါသော လှိုင်းနှုန်းစဉ်တစ်ခုဖြစ်သည့် ကျူ/ဗွီလှိုင်းနှုန်းစဉ်သည် အသုံးပြုနိုင်သည့် လှိုင်းခွင်အကျယ် ၁၀ ဂစ်ဂါဟတ်ဇ်ခန့်အထိ ပေးစွမ်းနိုင်သည်။

ကြွယ်ဝသော လှိုင်းနှုန်းစဉ် အရင်းအမြစ်များကြောင့် ယင်း လှိုင်းနှုန်းစဉ်သည် မြန်နှုန်းမြင့် ပြိုက်တုဆက်သွယ်ရေးအတွက် အလားအလာကောင်းများ ရှိနေသည်။ သို့ရာတွင် အဆိုပါလှိုင်းနှုန်းစဉ်အတွင်းရှိ မီလီမီတာလှိုင်းအချက်ပြမှုများ၏ ထူးခြားသော သဘောသဘာဝများကြောင့် အရည်အသွေးမြင့်မားပြီး အချက်အလက်ပေးပို့မှုနှုန်း မြင့်မားစေရန် ဆောင်ရွက်ရာ၌ အလွန်ခက်ခဲကြောင်း သိရသည်။

Mon



တောင်အာဖရိကနိုင်ငံ ပီတာမာရစ်ဇ်ဘတ်ဂ်မြို့ ပြင်ပရှိ ဆွိစိုးတားဗ်အရပ်၌ အစုလိုက်အပြုံလိုက် ပစ်ခတ်မှုနစ်ခုပြစ်ပွား၊ အနည်းဆုံး လူ ၁၇ ဦး သေဆုံး

ကိပ်တောင်း နိုဝင်ဘာ ၁၇

တောင်အာဖရိကနိုင်ငံတွင် သီးခြားဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက် ပစ်ခတ်မှုနှစ်ခုအတွင်း အနည်းဆုံး လူ ၁၇ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ သိရသည်။

ယမန်နေ့ ညဉ့်နက်ပိုင်းက ပီတာမာရစ်ဇ်ဘတ်ဂ်မြို့ ပြင်ပရှိ ဆွိစိုးတားဗ်အရပ်၌ ကျည်ဆန်ရာများ ဗလပွဖြစ်နေသော မော်တော်ယာဉ်တစ်စီးအတွင်း အမျိုးသားရှစ်ဦး သေဆုံး နေသည်ကို တွေ့ရှိခဲ့ရသည်။

ယင်းဖြစ်စဉ်အပြီး နာရီပိုင်းအကြာတွင် တောင်အာဖရိက မြို့တော် ပရီတိုးရီးယားအနီးရှိ ဂျက်ဖ်စ်ဗီးလ် ကျူးကျော်ရပ်ကွက်၌ လူကိုးဦး သေဆုံးနေသည်ကို ထပ်မံတွေ့ရှိခဲ့ရသည်။ တဲအိမ်တစ်လုံးအတွင်း သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးသုံးဦးတို့၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon





မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ (ကြွပ်ကြွပ်အိတ်)အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၁၆ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များကို အခမဲ့ဖြန့်ဝေခဲ့ပြီး ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Compaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနလာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ဝဲပုံ)ဦးမျိုး(ဗိဿနိုးမြေ)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေး

မန္တလေး နိုဝင်ဘာ ၁၇

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရပ်ကွက်များတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့နံနက်ပိုင်းက စတင်၍ မီးဘေးလုံခြုံရေး စစ်ဆေးခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးဘေးစိုးရိမ်ရသော ယာတော်ရပ်ကွက်နှင့် တောင်မြင့်ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် မီးဘေးလုံခြုံရေးစစ်ဆေးနေမှုအား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(၀၇၅)



သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

မကွေး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ရွှေကြာငုံရပ်ကွက်၊ မဲထီးဘုန်းတော်ကြီး ကျောင်းဝင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီ ၅၅ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လုံးပတ် ၅ ပေ၊ အမြင့်ပေ ၇၀ ခန့်ရှိ ကန္တာရပင်သည် မြေပွ၍ လဲကျနေကြောင်း သတင်းရရှိသဖြင့် ရေနံချောင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နိုဝင်ဘာ ၁၃ ရက်က နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကုန်းမြို့မဈေးရုံအတွင်း၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မြဝတီရပ်ကွက်၊ နယ်မြေ(၁၃)နေ ဦးချမ်းမြှေအောင်(၃၉)နှစ်ဆိုသူအား နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ချမ်းမြှေအောင်ဆိုသူအား တပ်ကုန်းမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကြွက်နွယ်ကွင်းကျေးရွာနေ ဒေါ်သန်းသန်းမော်(ခ)မော်မော်(၅၀)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားနေကြောင်း သတင်းအရ ဘက်ရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်အတွင်း၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သန်းသန်းမော်(ခ)မော်မော် ဆိုသူအား ဘက်ရဲနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် ဓနုဖြူမြို့နယ်၊ ရေတိမ်ကျေးရွာနေ ဦးထွန်းမင်းလတ်(ခ)ကိုလတ်(၄၃)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ကျုံတနီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်အတွင်း၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ထွန်းမင်းလတ်(ခ)ကိုလတ် ဆိုသူအား ကျုံတနီးနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဓနုဖြူမြို့နယ်၊ ကျောင်းစုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ လောင်းကစားသတင်းအရ ချမ်းသာကျေးရွာလမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ အဆိုပါကျေးရွာနေ ဒေါ်ဇင်မာခိုင်(၃၂)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၄င်းလွယ်ထားသည့် ဂျင်းလွယ်အိတ်အတွင်းမှ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇင်မာခိုင်ဆိုသူအား ကျောင်းစုနယ်မြေရဲစခန်းမှ လောင်းကစား ဥပဒေဖြင့်လည်းကောင်းအသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀





ကျောက်မဲမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

ကျောက်မဲ နိုဝင်ဘာ ၁၇

မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကျောက်မဲမြို့နယ်၊ ဗူးခါးကျေးရွာအနီးကားလမ်းဆုံတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ နှင့်အတူ အမျိုးသား၊ အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် သတင်းအရ ဗူးခါးကျေးရွာအနီး ကျောက်မဲ-သီပေါကားလမ်း၌ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်မောင်းနှင်လာသူ စိုင်းစံလှဆိုသူအား ရပ်တန့်စစ်ဆေးရာမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မူးယစ်ရဲတပ်ဖွဲ့ဝင်များသည် စိုင်းစံလှ၏ ထွက်ဆိုချက်ဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင်ပါဝင်သူ ကျောက်မဲမြို့၊ အုတ်ကျင်း(၁)ရပ်ကွက်နေထိုင်သူ ဒေါ်မိမိခိုင်ဆိုသူ၏ နေအိမ်အား သွားရောက်ရှာဖွေဖမ်းဆီးခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ စိုင်းစံလှ (၃၉)နှစ်ခန့်ဆိုသူ (ကျပန်း)၊ ဒေါ်မိမိခိုင် (၅၃)နှစ် (တောင်သူ)ဆိုသူတို့အား ကျောက်မဲမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်များကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

မိုးသီး

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်း တွင် တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ရှိ နယ်မြေခံ တပ်ရင်းခွဲပြုလုပ်ရာ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိ သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက် ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူ များ စိတ်အေးချမ်းသာစွာ နေထိုင် နိုင်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်စေရေးနှင့်အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေ အေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်ဖျက်နှာများ တွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား သက်စွန့် ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများ အား တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်းရှည်လည်း ကောင်း၊ အဝီး၊ အမှတ်၊ အဂၤအခုန် များဖြင့်လည်းကောင်း သောင်း သောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြ ကြောင်း သိရသည်။ သတင်းစဉ်

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသားနှစ်ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်း များမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည် မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် မလေးရှားနိုင်ငံသားနှစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်း ဇယား၊ အချက်အလက်များကိုက်ညီမှု ရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာ တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီ တာဝန်ခံ Mr. Hew Tse Hou နှင့် တာဝန်ရှိ သူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၄၃ ဦးတွင် မြန်မာ နိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၆၅ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၇၈ ဦးတို့ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်း ပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှကြိုးကိုင် သော နိုင်ငံခြားသားများကို ဖမ်းထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံ များသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေး နိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစား မှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံ များအား အပြီးတိုင်ဖြိုချဖျက်ဆီး ခြင်းများကို စနစ်တကျဆောင်ရွက် လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိဖြိုချဖျက်ဆီး ရန်ကျန် တရားမဝင်အဆောက် အအုံများအနက် ယာဉ်ယန္တရား များအလုံးပြု၍ဖြိုချဖျက်ဆီးလျက် ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင် နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများ ဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယ ပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက် အအုံ ၆၃ လုံးအား ယာဉ်ယန္တရား များဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချ ဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာ ချင်း ဖြိုချဖျက်ဆီးမည့် အဆောက် အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိ ရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက် အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများ ဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက် အအုံ ၇ လုံး စုစုပေါင်းအဆောက် အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိ သည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နယ်ပယ်နှင့် အမျိုးသားလုံခြုံရေး ကိုခြိမ်းခြောက်လာသည့် အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေ ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း ကာ အပြီးတိုင်လုံးဝပပျောက်သွား စေရေး ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

၁၀၀



နိုင်ငံတကာ အားကစား သတင်းများ

2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Mirra Andreeva ဆွတ်ခူး



ဝါရှင်တန် နိုဝင်ဘာ ၁၇

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရုရှားတင်းနစ်မယ် Mirra Andreeva က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် ယူကရိန်းတင်းနစ်မယ် Elina Svitolina အား ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ Mirra Andreeva က "ကျွန်တော် အခုလို 2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိမျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ)(NGB)

အာဒါဂူလာကို ယူရို သန်း ၂၀ဖြင့် ကမ်းလှမ်းရန် ပီအက်စ်ဂျီအသင်းစီစဉ်

ပါရီ နိုဝင်ဘာ ၁၇

ပီအက်စ်ဂျီအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား အာဒါဂူလာကို ယူရို သန်း ၂၀ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိသည်။



အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၆ ပွဲကစားပြီး ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းကလည်း ပီအက်စ်ဂျီအသင်း၏ မက်မောဖွယ်ရာ ပြောင်းရွှေ့ကြေးကြောင့် အာဒါဂူလာကို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ အာဒါဂူလာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

နည်းပြ သောမတ်စ်ဗရန်ခ်ိုကို နည်းပြသစ်အဖြစ် ခရစ္စတယ် ပဲလေ့စ်အသင်း ခန့်အပ်

လန်ဒန် နိုဝင်ဘာ ၁၇

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ သောမတ်စ်ဗရန်ခ်ိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ နှစ်နှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ သောမတ်စ်ဗရန်ခ်သည် နည်းပြဘဝတစ်လျှောက်တွင် စပါး၊ ဘရန့်ဖို့ဒ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ သောမတ်စ်ဗရန်ခ်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



ဘောလုံးသတင်းအတိုအထွာများ

* အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ တူဟယ်လ်က မိမိအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
* မန်ယူအသင်းနည်းပြသစ် ပိုချက်တီနိုသည် အမေရိကန်လက်ရွေးစင် ကစားသမား မက်ကန်နီးကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

လူကာကူ ဘယ်လ်ဂျီယံလက်ရွေးစင် ကစားသမားဘဝမှ အနားယူ

လန်ဒန် နိုဝင်ဘာ ၁၇

တိုက်စစ်မှူး လူကာကူသည် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူပြီး ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း နှင့်အတူ ၂၀၁၀ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၁၃၅ ပွဲကစားကာ ၉၄ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး လူကာကူသည် ဘယ်လ်ဂျီယံအသင်း သမိုင်းတွင် ဂိုးအများဆုံး သွင်းယူသူအဖြစ်လည်း သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ လူကာကူက "ကျွန်တော် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူပြီး လက်ရွေးစင်အသင်းနဲ့ ကစားခဲ့တဲ့ စက္ကန့်တိုင်းကို အမြဲအမှတ်ရနေမှာပါ" ဟု ပြောသည်။

(အောက်ပုံ)(NGB)



မာတင်ဇူဘီမန်ဒီ တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်ခန့် အနားယူရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၇

စပိန်အသင်းနှင့် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား မာတင်ဇူဘီမန်ဒီ တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နိုင်ငံအသင်းဖြစ်သည့် စပိန်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား မာတင်ဇူဘီမန်ဒီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်အသင်းအတွက် သာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မာတင်ဇူဘီမန်ဒီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူ၍ ခြေစွမ်းပြထားသည်။

(ဝဲပုံ)(NGB)



ဂျာမနီအသင်းက နယ်သာလန်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

မြူးနစ် နိုဝင်ဘာ ၁၇

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဂျာမနီအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက နယ်သာလန်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယ်သာလန်အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် ရှာဟန်၊ ပွဲချိန် မိနစ် ၆၀ နှင့် ၇၁ မိနစ်တွင် ဖလော်ရီယန် ဝါ့ဇ်၊ ပွဲချိန် ၆၅ မိနစ်တွင် ရှလော့တာဘက်ခ်၊ ပွဲချိန် ၇၈ မိနစ်တွင် ဂရူဒါတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ် ခြောက်ပွဲကစားအပြီးတွင် ရမှတ် ၁၁ မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

(အပေါ်ပုံ)
(NGB)

0-0-0-0-0
0-0-0-0

အန်တိုနီယိုမိုရန်တေး ဘက်တစ်အသင်းတွင် ဆက်ရှိသွားမည်

မက်ဒရစ် နိုဝင်ဘာ ၁၇

တောင်ပံကစားသမား အန်တိုနီယိုမိုရန်တေးအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာ ဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ဘက်တစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘက်တစ်အသင်းက ပယ်ချခဲ့သည်။

တောင်ပံကစားသမား အန်တိုနီယိုမိုရန်တေးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

ဘက်တစ်အသင်းထုတ်ပြန်ချက်တွင် "အန်တိုနီယိုမိုရန်တေး အသင်းတွင် ဆက်ရှိသွားမှာပါ။ သူအတွက် မည်သည့်ကမ်းလှမ်းမှုမျိုးကိုမှ လက်မခံပါဘူး။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ **(အောက်ဝဲပုံ)(NGB)**



အလက်ဇန္ဒားဆော်လော့သ် စာချုပ်သက်တမ်းတိုးရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

မက်ဒရစ် နိုဝင်ဘာ ၁၇

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းတောင်ပံကစားသမား အလက်ဇန္ဒားဆော်လော့သ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား အလက်ဇန္ဒားဆော်လော့သ်သည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ ပွဲကစားပြီး ၄၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်သလက်တီကို မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "အလက်ဇန္ဒားဆော်လော့သ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ)(NGB)





RBF စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

တပ်ကုန်း နိဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို နိဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက နောင်ပိုအိုးကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်က နောင်ပိုအိုးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် (RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာတွင် စနစ်ကျသော ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့် ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်မည့် ရွှေတောင်သူအဖွဲ့၊ ရွှေနောင်ရွာအဖွဲ့၊ သာယာလှပအဖွဲ့နှင့် ပန်းကမ္ဘာအဖွဲ့ စုစုပေါင်းအစု အဖွဲ့လေးဖွဲ့အား ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ပထမအကြိမ်အဖြစ် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) သော်ဇင်ထူး(ကျေးလက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

မန္တလေး နိဝင်ဘာ ၁၇

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို နိဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ဆိုးကျိုးများကို မဖြစ်ပေါ်စေရန် ရှောင်ရန်၊ ဆောင်ရန်အချက်များကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီဝင်းသူက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ အကြောင်းနှင့်ပတ်သက်၍ စာအုပ်၊ စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊



စာပေကို အမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား အပူဒဏ်ကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကိုပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၅၆)

မိုဘိုင်းဖုန်းဖြင့် ဗီဒီယိုတည်းဖြတ်နည်းပညာသင်တန်းဖွင့်လှစ်

ရမည်းသင်း နိဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းပိုင်းဆိုင်ရာများတွင် ပိုမိုကျွမ်းကျင်စွာ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မိုဘိုင်းဖုန်းဖြင့် ဗီဒီယိုတည်းဖြတ်နည်းပညာသင်တန်းကို နိဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျွမ်းကျင်(၂)(ဓာတ်ပုံ) (အင်အားပြ) ဦးဟိန်းပြည့်ဇော်က Software Install ပြုလုပ်နည်း၊ Software အသုံးပြုနည်း၊ Software အသုံးပြုရာတွင်လည်း လွယ်ကူစွာ အသုံးပြုတတ်စေရန်အတွက် KineMaster Software ဖြင့် ဗီဒီယိုတည်းဖြတ်နည်းကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဟိန်းပြည့်ဇော်(ရမည်းသင်း)

VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း နိဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့်ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုများကို နိဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပိန္နဲတောကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ပိန္နဲတောကျေးရွာတွင် အရှည် ၃၅၆ပေ၊ အကျယ် ၁၂ ပေ၊ ထူ ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှုက ကျေးရွာများရှိ ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့စေရေး အတွက် စနစ်တကျထိန်းသိမ်းကြရန်နှင့် ကျေးရွာတင်ပြချက်များ အပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပုံပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ၊ ပြည်သူထည့်ဝင်ငွေများအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)မောင်ခိုင်**



ကလေးအလုပ်သမားပပျောက်စေရေး အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ

မန္တလေး နိဝင်ဘာ ၁၇

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်စေနိုင်သည့် အလုပ်ခိုင်းစေမှုများနှင့် ကျောင်းနေအရွယ်ကလေးများ၏ပညာသင်ကြားရေးကို ထိခိုက်စေနိုင်သော အလုပ်ခိုင်းစေမှုများပပျောက်စေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်စေရေး အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က ကလေးသူငယ်များ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရခြင်း၊ ကလေးငယ်များ ကောင်းပိုင်ဆိုင်ဖို့ လူ့အဖွဲ့အစည်း တစ်ရပ်အနေဖြင့် မည်သို့ပူးပေါင်း ဆောင်ရွက်ရမည့်အကြောင်းအရာများကို မေးမြန်းရာ မြို့နယ်လူမှု ဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန်းဆင့်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရသည့် ကလေးများမှာ မိသားစုဆင်းရဲမှုမ်းပါးမှုကြောင့် ကလေးများကိုယ်တိုင် ဝင်ရွေးချခြင်း၊ ပညာရေးက လှမ်းမမိခြင်းကြောင့် ကျောင်းထွက်ရခြင်းတို့ဖြစ်ပြီး ကလေးငယ်များ အနာဂတ်ကောင်းပိုင်ဆိုင်နိုင်စေရန် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် ကလေးငယ်များ ခိုင်းစေခံရသည်ကိုတွေ့ရှိပါက သက်ဆိုင်ရာ ကလေးအခွင့်အရေး အဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ကြောင်း၊ ပညာရေးဌာနနှင့် သက်မွေးသင်တန်းကျောင်းများမှ ကလေးငယ်များကို ပညာဆက်လက်သင်ကြားနိုင်အောင် ဆောင်ရွက်ပေးခြင်းနှင့် သင့်တော်သော အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ဖြင့် ကလေးအလုပ်သမားခိုင်းစေမှုလျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ အသိပညာပေး (Talk Show)အစီအစဉ်များကို အများပြည်သူလေ့လာသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန MOI Website၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Facebook Page၊ Telegram နှင့် TikTok Cha -nnel တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(၀၆၉)

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် မိုးစပါးနှင့် ဆောင်းသီးနှံများ ထိခိုက်မှုမရှိစေရန် တောင်သူများကို အသိပေးနှိုးဆော်

မန္တလေး၊ နိဝင်ဘာ ၁၇

အချိန်အခါမဲ့ မိုးရွာသွန်းမှုများ ဖြစ်ပေါ်နေသဖြင့် ရိတ်သိမ်းဆဲ မိုးစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် ဆောင်းသီးနှံစိုက်ခင်းများ ပျက်စီးမှုမရှိစေရန် တောင်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

မိုးစပါးရိတ်သိမ်းရာတွင် မိုးရွာသွန်းနေချိန်၌ ရိတ်သိမ်းမှုကို ယာယီရပ်နားထားရန်နှင့် ရင့်မှည့်နေသော စပါးခင်းများတွင် မိုးရွာသွန်းခြင်း၊ လေတိုက်ခတ်ခြင်းတို့ကြောင့် စပါးပင်များ လဲကျမှုမဖြစ်စေရန် ရေကိုအမြန်ဆုံးထုတ်ယူပြီးမှ ရိတ်သိမ်းရန် လိုအပ်သည်။

ထို့ပြင် စပါးရိတ်သိမ်းစက်၊ ခြွေလှေ့စက်နှင့် အခြောက်ခံစက်များကိုအသုံးပြု၍ တလင်းမျောက်စနစ်ဖြင့် ဆောင်ရွက်ရန်၊ ခြွေလှေ့ပြီးစပါးများကို အမိုးအကာ အောက်သို့ အမြန်ဆုံးပို့ဆောင်ရန် အသိပေးထားသည်။



လူလုပ်အားဖြင့် ရိတ်သိမ်းပါက တစ်ကွက်ချင်းအပြီး ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ရန်၊ ချက်ချင်းခြွေလှေ့နိုင်ခြင်းမရှိသည့် ကောက်လှိုင်းများကို ကန်သင်းပေါ်တွင် စုပုံမထားဘဲ အမိုးအကာ အောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံရန်လိုအပ်သည်။

ကောက်လှိုင်းများကို အချိန်မီရွှေ့ပြောင်းနိုင်ခြင်းမရှိပါက တာပေါ်လင်ပလတ်စတစ်ဖြင့် ဖုံးအုပ်ထားရန်နှင့် မိုးရေလျှောဆင်းနိုင်စေရန် တစ်ဖက်ရပ်စုပုံ၍ ဖိုခုံလောက်ဆိုင်ထောင်ထားရန်လည်း နှိုးဆော်ထားသည်။

စုပုံထားသည့် ကောက်လှိုင်းများကို နေသာချိန်တွင် အမြန်ဆုံးခြွေလှေ့ပြီး စပါးအစိုဓာတ် ၁၄ ရာခိုင်နှုန်းအထိရရှိစေရန် အခြောက်ခံစက်ဖြင့် ဖြစ်စေ၊ နေလှန်း၍ ဖြစ်စေ အခြောက်ခံရန် လိုအပ်သည်။

ဆောင်းသီးနှံစိုက်ပျိုးရာတွင် လည်းမိုးရေကြောင့် စိုက်ခင်းများ ပျက်စီးမှုမရှိစေရန် ရေမြောင်းနှင့် ပတ်မြောင်းများ ဖောက်လုပ်ကာ ရေနုတ်မြောင်းစနစ်များကို ကြိုတင်ဆောင်ရွက်ထားရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(ဝဲပုံ) ရွှေမန်း**



ပြည်တွင်းဈေးကွက်ကောင်းမွန်နေသည့် ပဲပုပ်

လတ်တလော ပြည်တွင်း စိုက်ပျိုးရေးဈေးကွက်တွင် ပဲပုပ်သီးနှံသည် စားသောက်ကုန်၊ စားသုံးဆီနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်ရေးလုပ်ငန်းများ၏ ဝယ်လိုအားကောင်းမွန်မှုကြောင့် အရောင်းအဝယ်သွက်လက်လျက် ရှိပြီး တောင်သူများအကြား စိုက်ပျိုးရန် စိတ်ဝင်စားမှုမြင့်တက်လာသည်။

မြန်မာနိုင်ငံတွင် ပဲပုပ်ကို ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးပြီး မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အပြင် အခြားပြည်နယ်များတွင်လည်း စိုက်ပျိုးကြသည်။ စိတ်နှံငံလုံး ပဲပုပ်စိုက်ဧက ၃ ဒသမ ၄ သန်းဝန်းကျင်ရှိပြီး မိုးရာသီတွင် ၁ ဒသမ ၁သန်းဧက ခန့်နှင့် ဆောင်းရာသီတွင် ၂ ဒသမ ၃ သန်းဧကခန့် စိုက်ပျိုးကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။ ပဲပုပ်တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၈ ဒသမ ၇ တင်းဝန်းကျင်ရှိပြီး စနစ်တကျစိုက်ပျိုးပါက ၂၈ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်သည်။

ပဲပုပ်တွင် ပရိုတင်းဓာတ် ၄၀ ရာခိုင်နှုန်းနီးပါးနှင့် အဆီဓာတ် ၂၀ ရာခိုင်နှုန်းခန့် ပါဝင်သည့်အတွက် ပဲနို့၊ တိုဖူး၊ ပဲငံပြာရည်၊ အသားတုနှင့် ပဲပုပ်ခြောက် စသည့် စားသောက်ကုန်များ ထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ ထို့ပြင် ပဲပုပ်ဆီကြိတ်ခွဲရာမှ ရရှိသည့် ကြိတ်ဖတ်များကိုလည်း ကြက်၊ ဝက်နှင့် ငါးမွေးမြူရေးအစာအဖြစ် အသုံးပြုကြသည့်အတွက် ပြည်တွင်းဆီစက်များနှင့် မွေးမြူရေးအစာစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက် မြင့်မားလျက်ရှိသည်။

ဈေးကွက်အခြေအနေအရ ၂၀၂၆ ခုနှစ် နိဝင်ဘာလ ပထမပတ်တွင် ပဲပုပ်(စက်ပဲ) တစ်တန်လျှင် ဒွေကျပ် ၃၃ သိန်းကျော်မှ သိန်း ၄၀ ကျော်အထိ၊ ပဲပုပ် (ဗမာ)တစ်တန်လျှင် ဒွေကျပ် ၅၁ သိန်း၀န်းကျင်နှင့် ပဲပုပ်(ရှမ်း) တစ်တန်လျှင် ဒွေကျပ် သိန်း ၄၀ ကျော်မှ ၄၁ သိန်းကျော်အထိ ပေါက်ဈေးရှိသည်။ အဆိုပါဈေးနှုန်းများသည် နိဝင်ဘာ ၂ ရက်တွင် မန္တလေးအခြေစိုက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ပြန်ထားသည့် ဈေးနှုန်းများဖြစ်သည်။ ပြည်ပဈေးကွက်အနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့လျက်ရှိသော်လည်း ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိခြင်း၊ ထုတ်လုပ်မှုပမာဏ အကန့်အသတ်ရှိခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်မြင့်မားခြင်းတို့ကြောင့် တင်ပို့မှုနည်းပါးနေသည်။

ပဲပုပ်သည် ပြည်တွင်းစားသောက်ကုန်၊ စားသုံးဆီနှင့် မွေးမြူရေးအစာလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်မြင့်မားသည့် သီးနှံဖြစ်သည့်အပြင် တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့် အလားအလာလည်းရှိနေသည်။ ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ပဲပုပ်များတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

--*-*-*

--*-*-*-*-*

မန္တလေးမြို့တွင် ထောပတ်သီးများ ရာသီပေါ်ချိန်ဖြစ်၍ ကုန်အဝင်များပြီး ဈေးနှုန်းကျဆင်းလာ

မန္တလေး အောက်တိုဘာ ၁၇

မန္တလေးမြို့ဈေးကွက်အတွင်းသို့ ယခုလဆန်းပိုင်းမှစတင်၍ ထောပတ်သီးများ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ပစ္စည်းပြတ်လပ်မှုမရှိဘဲ ယခင်လထက် ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း သစ်သီးရောင်းချသူများထံမှ သိရသည်။

မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ထောပတ်သီးများကို ရှမ်းပြည်နယ်(တောင်ကြီး၊ကလော၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို) ဒေသများနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တို့မှ အဓိကတင်သွင်းလျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေပေါ်မူတည်၍ ဝင်ရောက်လျက်ရှိကြောင်း၊ မြို့ပေါ်ရှိ စားသုံးသူများ၏ ဝယ်လိုအားကောင်းမွန်သည့်အပြင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ လက်လီဈေးသည်များကပါ လာရောက်ဝယ်ယူကြသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(ပထမပတ်)တွင် မန္တလေးဈေးကွက်၌ ရောင်းချနေသော ထောပတ်သီးဈေးနှုန်းများမှာ အလုံးကြီး တစ်ပိသာလျှင် ငွေကျပ် ၄,၀၀၀ နှင့် အလုံးသေး တစ်ပိသာလျှင် ငွေကျပ် ၃,၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်လဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုလတွင် တစ်ပိသာလျှင် ငွေကျပ် ၂,၀၀၀ ခန့် ဈေးနှုန်းကျဆင်းလာခြင်းဖြစ်ပြီး ရာသီစာသီးနှံဖြစ်သည့်အတွက် ကုန်ဝင်ရောက်မူပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိသည်။

မြန်မာနိုင်ငံ၌ ထောပတ်သီးကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်)၊ ချင်းပြည်နယ်နှင့် နာဂတောင်တန်းဒေသတို့တွင် အဓိကစိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးဧက ၂၅,၀၀၀ ခန့်ရှိသည်။ နှစ်ရှည်သီးနှံပင်အမျိုးအစားဖြစ်သည့် ထောပတ်ပင်များသည် နှစ်စဉ် ဧန်နဝါရီလမှ မတ်လအတွင်း စတင်ပန်းပွင့်လေ့ရှိကာ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အသီးများ စတင်ရင့်မှည့်ခူးဆွတ်နိုင်သည့် ရာသီပေါ်ချိန်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ပြည်တွင်း၌ ဒေသမျိုးရင်း ထောပတ်သီးများအပြင် ပြည်ပဈေးကွက်ဝင် Hass နှင့် Buccaneer ကဲ့သို့သော ကိုင်းဆက်မျိုးကောင်းမျိုးသန့်များကို ပါတိုးချဲ့စိုက်ပျိုးလာကြရာ ယခုအောက်တိုဘာလဆန်းပိုင်း ရာသီပေါ်ချိန်တွင် ခြံထွက်ကုန်အဝင်များသဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနေခြင်းဖြစ်သည်။

ထောပတ်သီးသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဓာတ်ကြွယ်ဝသော ရာသီစာသီးနှံဖြစ်သည့်အလျောက် အိမ်ထောင်စုများက ဖျော်ရည်အဖြစ် သောက်သုံးရန်နှင့် စားသုံးရန်အတွက် သာမက အလှအပာန်းနှင့် ပွဲလမ်းသဘင်များအတွက်ပါ ပိုမိုဝယ်ယူလာကြသောကြောင့် ရောင်းအားကောင်းလျက်ရှိကြောင်း သစ်သီးရောင်းချသူတစ်ဦးထံမှ သိရသည်။ **(အောက်ဝဲပုံ)**

(မန္တလေးနေ့စဉ်-၈)

PBM 12 ပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံခါးပတ်ကို MBC တရားဝင်မိတ်ဆက်

ရန်ကုန် နိဝင်ဘာ ၁၇

မြန်မာ့လက်ဝှေ့ကော်မရှင် (MBC) က လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပမည့် Professional Boxing Matches 12 (PBM 12) ပြိုင်ပွဲ၌ ချီးမြှင့်ပေးအပ်မည့် ချန်ပီယံခါးပတ်(Championship Belt) ကို တရားဝင်မိတ်ဆက်ခဲ့သည်။

အဆိုပါ ချန်ပီယံခါးပတ်ကို (PBM 12)ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ယှဉ်ပြိုင်ထိုးသတ်ကြမည့် လက်ဝှေ့သမားများအား ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး အစိမ်းရောင်အခြေခံဒီဇိုင်းဖြင့် ပြုလုပ်ထားသည်။

(PBM 12) ပြိုင်ပွဲကို မြန်မာ့လက်ဝှေ့ကော်မရှင်(MBC) က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာ့ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် ချန်ပီယံဆုအတွက် ယှဉ်ပြိုင်ထိုးသတ်ကြမည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ဝှေ့သမားများ၊ ဝိတ်တန်းများနှင့် ပွဲစဉ်အသေးစိတ်ကိုမူ လက်ရှိအချိန်အထိ ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)





"ချမ်းသာအစစ်ကို လိုချင်လျှင်"

ချမ်းသာအစစ်ဟု ပြောလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို **'နိဗ္ဗာန်'** ကိုပြောသည်ဟု သိပြီးဖြစ်ပါမည်။ နိဗ္ဗာန်ချမ်းသာဟူသည် သာမာန်ပုထုစဉ်တို့အဖို့ ဉာဏ်မမီနိုင်သလို စာရေးသူအနေအဖြင့်လည်း မပုံရဲသည်။ ဉာဏ်မမီသည့် အလှမ်းဝေးသည့်အရာပါဟု ဝန်ခံပါမည်။ သို့ရာတွင် ဘာကြောင့် ချမ်းသာအစစ်ဟု ခေါင်းစဉ်တပ်ရေးပါသနည်းဟူမူ မိုးကုတ်ဆရာတော်ကြီး၏ အသံတော်တရားများကို ကြားနာရာမှလည်းကောင်း၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၏ အနက်အဓိပ္ပာယ်များကိုပါ အပြန်ပြန်အလှန်လှန် ဖတ်ရှုရာမှလည်းကောင်း၊ ဝိပဿနာအလုပ်ကို ကိုယ်တိုင်အားထုတ်ရာမှလည်းကောင်း သုတမယဉာဏ်၊ စိန္တာမယဉာဏ်များဖြင့်ပေါ်လာသည့်၊ မိမိအာရုံတွင်ထင်သည့် ချမ်းသာကို ချမ်းသာအစစ်ဟု ဝိသေသပြုရေးသားလိုက်ရခြင်းဖြစ်ပါသည်။(**ရောက်ခြင်း၊ ဆိုက်ခြင်း** မဟုတ်ပါ။)

ဤဆောင်းပါးတွင် စာရေးသူသည် ဝိပဿနာအလုပ်ကို အထိအတွေ့နည်းသည့် စာဖတ်သူများအတွက် လွယ်ကူစေရန် အချို့နေရာများတွင် အကျယ်တဝံ့ရေးသားထားသည်ကို နားလည်ပေးစေလိုပါသည်။(စကားချပ်)

'နိဗ္ဗာန်ဟူသည် နိဗ္ဗာန် = နိ၀ါန = တဏှာမှ ကင်းလွတ်ခြင်း' ဟု စာရေးသူ သိထားပါသည်။ ထို့ပြင် **'တဏှာရိုရောဓော နိဗ္ဗာန'** ဟုလည်း မှတ်သားရပါသည်။ တကယ်တော့ နိဗ္ဗာန်ချမ်းသာသည် လောကုတ္တရာချမ်းသာ သာလျှင်ဖြစ်သည်။ လောကီချမ်းသာနှင့် မဆက်စပ်၊ မပတ်သက်ပါ။ ဓမ္မစကြာသုတ္တံတွင် -

'ဒုက္ခ သမုဒယ် အရိယသစ္စံ။ ယာယံတဏှာ ပေါနောဘ၀ိကာ၊ နန္ဒိရာဂ သဟဂတာ တတြာ တတြာ ဘိနန္ဒိနီ။ ကာမတဏှာ၊ ဘ၀တဏှာ၊ ဝိဘ၀တဏှာ။' ဟုဖော်ပြထားပြီး အနက်အဓိပ္ပာယ်မှာ-ဆင်းရဲဖြစ်ပွားကြောင်းဖြစ်သော အရိယာတို့ သိအပ်သော အမှန်တရားပေတည်း။

အကြင်ဆာလောင်မှုတဏှာသည် တစ်ဖန်ဘ၀အသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်တပ်စွဲခြင်းနှင့်တကွ ဖြစ်၏။

ထိုထို ရောက်ရာဘ၀ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏။

ထိုတဏှာကား - ကာမဂုဏ်၌ဖြစ်သော ဆာလောင်မှုတဏှာ။
- အမြဲရှိသည်ဟုထင်လျက် ဆာလောင်မှု တဏှာ။
- သေပြီးလျှင် မရှိတော့ဟုထင်သည့် ဆာလောင်မှုတဏှာ တို့ပင်တည်း။

လောကီလူအများစုအတွက်မှာမူ အစားကောင်း၊ အဝတ်ကောင်း၊ အနေကောင်းတို့ကို ချမ်းသာတွေပဲဟု ယူဆကာ အစားကောင်းဖို့၊ အနေကောင်းဖို့၊ အဝတ်ကောင်းရဖို့ဆိုသည့် ချမ်းသာအတုများကို အမြဲတောင်းတ ရှာဖွေရုန်းကန်နေကြရသည်။ ယင်းသည်လည်း ပညတ်နယ်၏ လိုအင်ဆန္ဒလောကီချမ်းသာတွေ မှန်ပေသည်။

ချမ်းသာအစစ်ဟူသည်ကား လောကုတ္တရာချမ်းသာဖြစ်သည်ဖို့ လောကီချမ်းသာနှင့် လားလားမှ မသက်ဆိုင်ပါ။ ဖွင့်ဆိုချက်များတွင်လည်း လုံးဝဆန့်ကျင်ဖက်သာဖြစ်ပါသည်။ သာဓကထုတ်ရလျှင် လောကီတွင် ဆာလောင်မှု၊ နှစ်သက်မှုအမျိုးမျိုးကို ရယူပိုင်ဆိုင်ခြင်းက ချမ်းသာခြင်းဖြစ်နေသည်။ **လောကုတ္တရာနယ်အတွက်မူကား ဆာလောင်မှုတဏှာကို အကြွင်းမဲ့ပယ်သတ်နိုင်ခြင်းကသာ လောကုတ္တရာ ချမ်းသာအစစ်ဖြစ်၍ နေသည်ကိုကြည့်လျှင် သိနိုင်သည်။**

ဤတွင် မိမိတို့ကိုယ်စီ ရရှိပိုင်ဆိုင်ထားသည့် ခန္ဓာဖြင့် ရှင်းလင်းရပေသည်။ ခန္ဓာဟူသည် ရုပ်နှင့်နာမ်အားဖြင့် နှစ်ပါး၊ ခန္ဓာအားဖြင့် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ ငါးပါး၊ ရူပက္ခန္ဓာက ရုပ်၊ ကျန်ခန္ဓာလေးပါးက နာမ်ခန္ဓာ၊ ဒီတော့အကျဉ်းချုပ်ရင် ရုပ်နှင့်နာမ်ပါပဲ။ ဝေဒနာဟူသော ခံစားမှု၊ သညာဟူသည့် မှတ်သားမှု၊ သင်္ခါရ စေ့ဆော်မှု၊ ဝိညာဏ သိမှုအားလုံးသည် နာမ်/စိတ် အလုပ်ကြီးသာဖြစ်သည်။ ဒီရုပ်တွင် စိတ်ကတွဲနေ၍ အသက်ရှင်နေသည်။ သို့ဖြစ်ပေရာ နာမ်/စိတ်၏ အလုပ်လေးခုကလည်း ကျယ်ဝန်း၍မြန်ဆန်လွန်းသည့်အတွက် ပြေးလွှားဖြစ်ပျက်နေသည့်အတွက် အရေးကြီးလှပေရာ ဗုဒ္ဓဘုရားရှင်က နာမ်ခန္ဓာလေးပါးဟူ၍ ခွဲခြားဟောမိန့်ခြင်းသာဖြစ်သည်။

ခန္ဓာဟူသည် အစုအဝေးဟု အဓိပ္ပာယ်ရပါသည်။ ဘုရားရှင် ဟောကြားချက် သုတ္တံဒေသနာများအရ ခန္ဓာနှင့် ဒုက္ခဆက်စပ်နေပုံကို ဓမ္မစကြာသုတ္တံတွင် -

'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' ဟူ၍ **ထွေးကြိုး အဓိပ္ပာယ် မှာ - 'အကျွတ်အားဖြင့် ငါးပါးကုန်သော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဆင်းရဲပေတည်း'** ဟူ၍ဖြစ်သည်။

ခန္ဓာသည် ဘာကြောင့် ဆင်းရဲအစုဖြစ်ပါသနည်း။ အနည်းငယ် ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သည့် သဘောဟု ဆိုရာ မိမိရရှိထားသော ခန္ဓာကိုယ်သည် ဟုတ်၊ မဟုတ် ပထမ ဆန်းစစ်ပါမည်။ ခန္ဓာသည် ဓာတ်လေးပါး၊ အစုသာဖြစ်၍ မနက် မိုးလင်းသည်နှင့် ပထဝီဓာတ်၊ အပေါဓာတ်တို့၏ ဖောက်ပြန် ပျက်စီးထားမှုကြောင့် ကျင်ကြီး၊ ကျင်ငယ်တို့ သွားပေးရသည်။

ရုံရုပဖွယ် ဖြစ်နေသည့် မျက်စိ၊ ခံတွင်းတို့မှ အညစ်အကြေးတို့ကို သုတ်သင်ရန် မျက်နှာသစ်၊ သွားတိုက်ပေးရသည်။ ဝမ်းတွင်းက ဆာလောင်၍ အစာဖြည့်ပေးရပြန်သည်။

ရာသီဥတုကြောင့်လည်း ဤခန္ဓာကြီးက ဖောက်ပြန်၍နေသည်။

ပူလျှင် ချွေးထွက်သည်။ ရေဓာတ် ဇဏ္ဍဓာတ် ဖြည့်ပေးရသည်။ အေးလျှင် အဝတ်ထူထူ ဝတ်ပေး၊ အိပ်လျှင် စောင်ခြုံပေးရပြန်သည်။ ဆီး ဇဏ္ဍ ခဏ သွားပေးရသည်။ ဒီကြားထဲ ကိုယ်လက်နာကျင်၊ ခေါင်းကိုက်၊ ခေါင်းမူး၊ ဖျားနာ၊ ၉၆ ပါးရောဂါတွေ (ခန္ဓာတွင်းက ဖောက်ပြန်)၍ ဆေးသောက်ရ၊ ဆေးကုသပေးရပြန်သည်။ ထိုင်နေလျှင်လည်း ကြာကြာမထိုင်နိုင် ဣရိယာပုထ် ပြောင်းပေးရပြန်သည်။ တစ်ခါ ရပ်ပေးပြန်၊ လမ်းလျှောက်ပေးရပြန်သည်။ **'ဇာတိရလာ ကတည်းက အဓိဝမ်းခေါင်းကျဉ်းကျဉ်းလေးတွင် အစာအိမ် ခေါင်းပေါ်ရွက်၊ ကျင်ကြီးအိမ်အောက်ထားပြီး နေခဲ့ရပါ၍ ဘုရားရှင်က ဇာတိဒုက္ခ'** ဟု ဟောမိန့်ခဲ့ပါသည်။ ခန္ဓာရလာကတည်းက ဖောက်ပြန်မှုမျိုးစုံကြောင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဒုက္ခလေးချက်ကို မလွဲမသွေ ရင်ဆိုင်ကြရသည် မဟုတ်ပါလော။

ထို့ကြောင့် **ခန္ဓဝန်ရှိ၊ ခန္ဓာပြန်မရမှ ချမ်းသာအစစ်** ပင်ဖြစ်ပါသည်။ **'ဒီခန္ဓာဝန်ပြိုး နောက်ခန္ဓာ မလာတာ(မရတာ)သည် အကောင်းဆုံးသေနည်း'** ဟု ဉာဏ်ပညာအရာတွင် အသာဆုံးဖြစ်သည့် အရှင်သာရိပုတ္တရာက **'အရှင်ဘုရား ဘယ်ပုံသေနည်းက အကောင်းဆုံးပါလဲ'** ဟု မေးလျှောက်ရာတွင် ဘုရားရှင်က ယင်းသို့မိန့်ကြားခဲ့ခြင်းဖြစ်သည်။ သို့ပါ၍ **ခန္ဓာဆုံးလျှင် ဒုက္ခဆုံးမည်၊ ခန္ဓာကုန်လျှင် ဒုက္ခကုန်မည်** သာဖြစ်သည်။ ခန္ဓာရခြင်းသည် ဘာကြောင့်မကောင်း ဖြစ်ရပါသနည်းဟု ပြောရရင်လည်း **ခန္ဓာ ရနေခြင်းဟာ ဒုက္ခတွေ သိမ်းပိုက်ထားသလို ဖြစ်နေခြင်းကြောင့်ပါ။** ဤခန္ဓာကိုယ်ကြီးကို စက္ကန့်မလပ် အသက်ရှူ/ထုတ် လုပ်ကာ ပြုပြင်ပေးနေရသည်။ **လေ** အဟောင်းကို အသစ်ဖြင့် အစားထိုးပေးနေရသည်။ **အစားမထိုးနိုင်တာနှင့် သေတာပဲဖြစ်သည်။ (အစားထိုးလိုက်၊ သေလိုက်)** နဲ့ **အဆက်မပြတ် သေနေတာ**ကို အစားထိုး ထိုးပေးနေရသည်။ အစားထိုး ထိုးပေးနေလို့ ဇဏ္ဍ(အခိုက်အတန့်)လေးတွေ (ကဲ)ရှိနေသေးလို့ ဆက် ဆက်ပြီး **တည်နေတဲ့ ဥပဒါဇဏ္ဍလေး** ကို သာမန်လူတို့အဖို့ ငါအသက်ရှင်နေတယ်၊ ငါမြဲတယ်၊ ငါ မှ ငါဟု ဖြစ်နေတတ်ကြသည် မဟုတ်ပါလား။

တကယ့် အစစ်အမှန် သတ္တဝါကောင်၊ အသက်ကောင်၊ ငါကောင် မရှိပါ။ အစားထိုး ထိုးပေးနေတာကို အသက်ရှင်နေသည်ဟု၊ မြဲသည်ဟု အထင်မှားနေကြခြင်းဖြစ်သည်။ အသက်ရှူထုတ်၊ ရှူသွင်းမှု(လေ)ဖြင့် လည်းကောင်း၊ အစားအစာဖြင့်လည်းကောင်း၊ ဆေးဝါးဖြင့်လည်းကောင်း အသစ် အသစ် အစားထိုး ထိုးပေး၊ ပြုပြင်ပေးနေရသည်။ မိမိတို့အသက်ရှင်ရပ်တည်နေမှုသည်ကား စက္ကန့်မိုင်း၊ မိနစ်ပိုင်းအတွင်း သေဆုံးနိုင်ခြင်း နည်းလမ်းတွေများလှသည်ကို စာဖတ်သူတို့ဉာဏ်ဖြင့် ဆက်၍ ဆင်ခြင်ကြည့်နိုင်ပါသည်။

သို့ဖြစ်ပေရာ အထက်ပါခန္ဓာအတွက် အစားထိုးပေးရမှုတွေက ဆက်တိုက်ဖြစ်နေပြီး အစားထိုးပေးတိုင်းလည်း ပျက်ပျက်၍ သွားသည်၊ သေ၍နေသည်။ **ဘုရားရှင်၏ ဉာဏ်တော်ဖြင့် မျက်စိတစ်မိုတ်တွင် ရုပ်ခန္ဓာက ကုဋေငါးထောင်၊ နာမ်ခန္ဓာက ကုဋေတစ်သိန်းဖြစ်ပြီး ပျက်နေသည်**ဟု ဟောကြားထားပါသည်။

ဒါကြောင့် အစားထိုးမှတွေ၊ ပြုပြင်ပေးရမှုတွေ မဆုံးပါ၍ **ဤခန္ဓာသည် ဒုက္ခခန္ဓာအစစ်သာ ဖြစ်သည်ကို ဉာဏ်မျက်စိဖြင့် ကြည့်ပေးလေလေ မြင်လာလေဖြစ်သည်။** သို့ဖြစ်လျှင် **ခန္ဓာရနေခြင်းသည် ဒုက္ခအစစ်ကြီးပါလား၊ ငါဟာ ဒုက္ခသစ္စာကြီးကို သိမ်းပိုက်ထားပါလားဆိုတာ** ခိုင်မာနေပြီဖြစ်သည်။

ခန္ဓာဖြစ်ခြင်း၊ ရနေခြင်းတွင် **ခန္ဓာနှင့်ဒုက္ခသည်လည်းကောင်း၊ ဒုက္ခနှင့် တဏှာ(သမုဒယ)သည် လည်းကောင်း၊ ခန္ဓာတွင် သမုဒယကင်းမှု(ချုပ်မှု)နှင့် ပကတိချမ်းသာ (နိဗ္ဗာန်)သည်လည်းကောင်း ဤသုံးခု ဆက်စပ်မှုရှိပုံ** စာရေးသူ တွေးမိသည့်အတိုင်း ရေးသားပါသည်။ ယင်းတို့၏ဆက်စပ်မှုကို ဓမ္မသုတဉာဏ်၊ စိတ်ကူး(စိန္တာမယဉာဏ်)နှင့် ကိုယ်တိုင်ဘာဝနာပြုခြင်းမှရသည့် အသိဉာဏ်များဖြင့် ပေါင်းစပ်ဖော်ပြရပါလျှင်

မိမိတို့ကိုယ်စီရထားသည့် ခန္ဓာတွင် ကိုယ်ခန္ဓာကြီးက သိခြင်း၊ မသိခြင်း၊ နားလည်ခြင်း၊ မလည်ခြင်း၊ သူ့မှာမရှိပါ၊ လက်ကို အပ်စူးပါက ရင်ထဲ၊ စိတ်ထဲတွင် နာသည်ဟု ခံစားသိပါသည်၊ ရုပ်ကမူ နာသည်ဟု မပြောပါ။ သို့ဖြစ်ရာ လူကို စိတ်က ဦးဆောင်နေသည်၊ စိတ်ကိုမူကား အာရုံတည်းဟူသော အတွေး၊ အကြံများက ဦးဆောင်နေသည်။ တွေးသည့်၊ ကြံသည့်အတိုင်း စိတ်ကဆုံးဖြတ်ကာ ခန္ဓာကိုယ်ကြီးက လိုက်ပါဆောင်ရွက်နေခြင်းသာဖြစ်သည်။ မိမိဘဝ ကောင်းခြင်း၊ မကောင်းခြင်းကိုလည်း စိတ်ကသာ ဦးဆောင်၍ အဆုံးအဖြတ် ပေးပါသည်။

လောကုတ္တရာနယ်ပယ်တွင်လည်း ခန္ဓာဒုက္ခ၏ အဓိကရုန်သူ၊ ပိတ်ပင်တားမြစ်တတ်သည့် တဏှာ(လောဘ)ကို စိတ်ဖြင့်သာ ဦးဆောင် ပယ်သတ်ရပေမည်။ စိတ်ကပယ်သတ်မှ ခိုင်မာလျှင် **ခိုင်မာသလို စိတ် ၌ရှိသော တဏှာအစွဲကို ပယ်ဖျောက်နိုင်သူ ဖြစ်လာပါလိမ့်မည်။** ယင်း မှာလည်း တဒင်္ဂပယ်သတ်မှုပေါင်းများစွာ(ဧဏပေါင်းများစွာ)မှ အဓိပတိ တပ်သည့် သမာဓိဖြင့်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထာဝရပယ်သတ်နိုင်ရန် ဘာဝနာမယဉာဏ်(မဂ္ဂသစ္စာ)ဆိုက်အောင် ပွားများအားထုတ်မှုပြုရပါမည်။

အထက်တွင်ဖော်ပြသည့် ဆက်စပ်မှုသုံးခုကို ဆက်၍ကြည့်လျှင် မိုးကုတ်ဆရာတော်ကြီး၏ တရားတစ်ပုဒ်မှ မင်္ဂဖိုလ်တရားထူးကို ရလိုသူသည် သစ္စာတရားကို ဦးစွာနာယူရမည့်အကြောင်း ပြောလို ပါသည်။ ယင်းမှာ နှစ်ကြောင်းတည်းဖြင့် နိဗ္ဗာန်ရောက်နိုင်ပုံဖြစ်သည်။ ပါဠိတော်အားဖြင့် **'ဒုဝေ ဟေတု ဒုဝေ ပစ္စယာ၊ သာဝကဿ သမာဓိဒ္ဓိယာ'** တဲ့။ ဒု-ဆိုသည်မှာ နှစ်၊ နှစ်ကြောင်းကို ဆိုလိုပါသည်။ ပထမတစ်ကြောင်းမှာ **သစ္စာတရားကို နာယူပါ၊** ဒုတိယတစ်ကြောင်းမှာ **ယောနိသော မနသိကာရ - နာထားသည့် သစ္စာတရားကို သိအောင်၊ မြင်အောင်၊** ဒုက္ခသစ္စာ ရှင်းရှင်းကြီးကို သိအောင်၊ မြင်အောင် အားထုတ်ပါဟု ဆိုလိုပါသည်။ ခန္ဓာမှာ စိတ်လေးပဲ ပေါ်ပေါ်၊ ဝေဒနာလေးပဲ ပေါ်ပေါ်၊ ပေါ်ပြီး ပျက်သွား၊ ပျောက်သွားပါသည်။ လောကီ အလို မိမိပေါ်ပြီး မိမိ သေ သေသွားတာပဲဖြစ်သည်။ စိတ်တစ်ခု(ဝိညာဏခန္ဓာ တစ်ခု) သေသွားတာပဲ။ မိမိဝေဒနာကွန်ရှာ ခံစားမှုလေးတစ်ခု သေသွားတာပဲ၊ ဒီ သေသွား၊ ပျောက်သွားတာကို ပျက်သွားတာကို တစ်စိုက်မတ်မတ် ရှုမှတ်များများရှုမှတ်ဖို့သာ ဖြစ်ပါသည်။

များများ ရှုမှတ်သည် ဆိုရာမှာလည်း မိမိသန္တာန်က **ခန္ဓာဒုက္ခဆင်းရဲတို့၏ ချုပ်ရာကို တကယ်လိုချင်၍ အားထုတ်ရှုမှတ်ခြင်း** ဖြစ်ရပါမည်။ သို့မှသာ ရှုမှတ်မှုအလုပ်တွင် ဝီရိယထား၊ စိတ်နှစ်ထားမည်ဖြစ်သည်။ ယခုပြောခဲ့သည့် စိတ်ခန္ဓာတစ်ခုကို ကြည့်လိုက်လို့ **ပျက်-ပျက်၊ သေ-သေသွားတာကို ရှု၍၊ သိပါများလာလျှင် အသေတွေဆက်နေတဲ့၊ အသေတွေ ထပ်နေတဲ့၊ အသေများလုတဲ့ ခန္ဓာပါလားဟု သိလာမည်။** တစ်နည်းအားဖြင့် **ဒုက္ခသစ္စာသာရှိပြီး၊ ဒုက္ခသာ အဆုံးရှိပါလားဆိုတာ သိမည်** ဖြစ်သည်။

ဒီ ဒုက္ခတွေက ခန္ဓာမှာ ရှိနေတာ ဖြစ်သည်။ ယင်းကို ဉာဏ်မျက်စိဖြင့် မြင်အောင် ရှုရမည်။ ခန္ဓာနှင့် ဆက်စပ်၍ အာရုံခြောက်ပါး(အယာတန ခြောက်ပါး)မှာ ပေါ်လာသမျှ **အာရုံတွေကို ခံစားချင်၊ ခင်တွယ်ချင်နေသရွေ့ ဒီခန္ဓာဟာ ဆုံးမည် မဟုတ်ပါ။** ခင်တွယ်နေသည့်၊ ခံစားချင်သည့်၊ နှစ်သက်မှုများက လောဘတဏှာဖြစ်သည်။ ဒီ **လောဘတဏှာရှိနေသရွေ့ ခန္ဓာတွေရမည်။ခန္ဓာရနေသရွေ့ဒုက္ခတွေလည်း ဆုံးမည်မဟုတ်၊ ဒုက္ခတွေ ရှိနေမည်။ ဒီဒုက္ခတွေ မရှိချင်လျှင် မဖြစ်ချင်လျှင် ခန္ဓာဆုံးမှ၊ ဒုက္ခဆုံးမည်ဖြစ်၍** ခန္ဓာ၏ အဆုံးကို လိုချင်မှုနှင့် အားထုတ်ရမည်။ **ခန္ဓာဆုံးက ဒုက္ခဆုံးမည်။ ခန္ဓာကုန်လျှင် ဒုက္ခကုန်မည်။ တစ်နည်း အားဖြင့် နောင်ခန္ဓာ မလာသည့်၊ မဖြစ်လိုတော့သည့် စိတ်ဆုံးဖြတ်ချက် ရှိရပါမည်။** စာဖတ်သူများအနေဖြင့် **ဤနောင်ခန္ဓာ မလိုချင်သည့်စိတ် ဖြစ်နေမည်၊ ဆက်ကာ ဆက်ကာ ဖြစ်နေမည် (ဤစိတ်ကလေးဖြင့် နေနေသည်) ဆိုလျှင်ပင် ပကတိချမ်းသာမှုကို အာရုံမှာ တွေ့နေပါလိမ့်မည်။**

အချုပ်အားဖြင့်ဆိုလျှင် **ခန္ဓာရနေခြင်း၊ ရှိနေခြင်းသည် ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၊ အမှန်ပါလားဟု ဆုံးဖြတ်ပါပြီလော၊ ခံယူပါပြီလော။** ဒီ ဒုက္ခဆင်းရဲဖြစ်ကြောင်း သမုဒယတဏှာ လိုချင်၊ ဖြစ်ချင်မှု ရှိနေလျှင် လိုချင်တာက လောဘ၊ လိုချင်လို့ရရင် ဝမ်းသာတာက သောမနဿ ဝေဒနာ (ဒီ သောမနဿဝေဒနာဟာ ကြာကြာခံလား ကြည့်ပါ) ဒီ လိုချင်တာတစ်ခုနှင့် မဆုံးသေးပါ နောက်တစ်ခု ထပ်၍ လိုချင်ပါဦးမည်။ နောက်တစ်ခုကို လိုချင်လာတော့လည်း သောက၊ သောကဟာလည်း ဒေါမနဿဝေဒနာပါပဲ။ ပါဠိတော်အားဖြင့် 'နန္ဒိ ဒုက္ခသာ မူလ' မှာ - နှစ်သက်တပ်စွဲတဲ့ တဏှာရာဂသည် ဒုက္ခဖြစ်စေသည့် အကြောင်းအရင်းဖြစ်သည်။

လိုချင်မှုဟာ ဒုက္ခတွေပဲ။ လိုချင်တာတွေ မရှိဘူး၊လိုချင်၊ရချင်တဲ့ စိတ်တွေ မဖြစ်ဘူး၊ ခန္ဓာလည်း မရချင်တော့ဘူးဆိုရင် တကယ့် ချမ်းသာအစစ်အား မိမိအာရုံတွင် မြင်နိုင်သည်ကို စာဖတ်သူတို့ ရှုရင်း ရှုရင်း သိလာပါလိမ့်မည်။ ထိုချမ်းသာမှသည် လောကီတွင် အစားကောင်း၊ အနေကောင်း၍ ရလာသည့် စိတ်ချမ်းသာမှနှင့် လုံးဝမတူ၊ မသက်ဆိုင်သည်ကို တွေ့ရပါမည်။

တကယ် **ချမ်းသာအစစ်ကို လိုချင်လျှင် ခန္ဓာကို မုန်းအောင်၊ ဆုံးအောင် ရှုရပါမည်၊ ခန္ဓာမုန်းသည် ဆုံးသည် စိတ်အနေအထားသည် မင်္ဂဉာဏ်ကို ဦးတည်ပါသည်။ ဝိပဿနာဉာဏ်အစစ်လည်း ဖြစ်ပါသည်။ မင်္ဂဉာဏ်သည် လောကုတ္တရာချမ်းသာအစစ်ပင် ဖြစ်သည်။ တကယ်ချမ်းသာအစစ်ကို လိုချင်ရင်၊ ရချင်လျှင် အမှန် တကယ် သမုဒယတဏှာကို ပယ်သတ်ရပါမည်။ နည်းနည်းပယ်လျှင် နည်းနည်းချမ်းသာပါမည်။ များများပယ်က များများချမ်းသာပါမည်။ အဆုံးထိ ပယ်သတ်နိုင်လျှင် အဆုံးထိ ပကတိချမ်းသာကို ရရှိနိုင်မည်ဖြစ်ပါသည်။**

ဤတရားတို့ကို ပိုမိုလေးနက်စွာ နားလည်သိရှိလိုပါလျှင် **မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဉာဏ်ရောက် တရားတော်များ** ကို ထပ်ကာထပ်ကာ နာလည်း နာ၊ ရှုမှတ်အားထုတ်မှုလည်း များများလုပ်ပါက ချမ်းသာအစစ် ရည်မှန်းချက်ကို ပေါက်ရောက်နိုင်မည် ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားလိုက်ရပါသည်။

(မိုးကုတ်ဆရာတော်ကြီး၏ ဉာဏ်တော်အား ဤစာမူဖြင့် ပူဇော်အပ်ပါသည်)

ရေချမ်း- မန်း

ကလေးတိုင်းစာဖတ်သူဖြစ်ခေရမည် (Every Child a Reader) အစီအစဉ်ဖြင့် ကလေးပုံပြင်ပြောပွဲ ကျင်းပ

မြစ်သား နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကလေးများ ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများကို လေ့လာဖတ်ရှုတတ်စေရန် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန် ရည်ရွယ်၍ ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် (Every Child a Reader) အစီအစဉ်ဖြင့် ကလေးပုံပြင်ပြောပွဲ၊ ပုံပြင်နှားထောင်ပြီး ပုံဆွဲခြင်းနှင့် ဇာတ်ကောင်အကြောင်းပြောပြခြင်းကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ကလေးများကို စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် အသိပညာပေးဟောပြောခဲ့ပြီး ဇာတ်ပုံကျွမ်းကျင်(၂) ဒေါ်ဝါဝါမြင့်က ကလေးငယ်များအား ဆင်ကြီးနှင့် ပုရွက်ဆိတ်နီကလေးများ ပုံပြင်ကို ပြောပြခဲ့ရာ ကလေးများက စိတ်ပါဝင်စားစွာ နားထောင်၍ ပုံပြင်တွင် ပါဝင်သည့် ဇာတ်ကောင်များ၏ အကြောင်းအရာများ၊ အပြုအမူများနှင့် ပုံပြင်မှ ရရှိလာသည့် အသိပညာ ဗဟုသုတများကို တစ်ဦးချင်း ပုံပြင်ပြောခဲ့ကြသည်။



ထို့နောက် တက်ရောက်လာကြသည့် ကလေးများက ပုံပြင်ပါ ဆင်ဇာတ်ကောင်အကြောင်း ပုံဆွဲခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ (My Library , My World Campaign) အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှု (Library Campaign) များကို သက်ဆိုင်ရာ အစီအစဉ်များအလိုက် စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
ဝါဝါမြင့်(မြစ်သား)



ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းဖွင့်

ဖြင်ဦးလွင် နိုဝင်ဘာ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆပ်ပြာဆီထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက ပြင်ဦးလွင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
(၄၈၅)



လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၁၇

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ကျောက်ဆည်မြို့နယ်၊ ကုလားကျောင်း အခြေခံပညာ မူလတန်းလွန်ကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်မာက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
(၄၈၅)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ။



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့

လမြတ်ကထိန်

* ဝါကျွတ်ခြိန်သမယရဲ့
သာယာစွသည် လခါ
မြတ်ကထိန် အလှူပွဲများ
ခြိမ့်သဲပေစွာ ။
* တစ်နှစ်လုံးသည် တစ်လတာ
ရိုးရာစဉ်လာ ဆင်ယင်ကျင်း
မြင့်မြတ်ဂုဏ် လှူဒါနရယ်
ချမ်းမြရင်တွင်း ။
* ဝါကျွတ်ခါ ကထိန်မြတ်
ပြည့်ဂုဏ်ဒြပ် ရှေးထုံးလာ
သာသနာတော် ဂုဏ်ဆင့်ကမ်း
ဝမ်းမြောက်ကြည်သာ ။
* သဒ္ဓါညီညွတ်စွာ
ဝါကျွတ်ခါ မြန်မာဧလေ့နဲ့
ချစ်စရာ မြန်မာဌေးတို့ရယ်
ရွှင်မွေ့ကြည် ထူးတင့်လျှမ်းပါဘိ
ချမ်းမြေ့စေတယ် ။
* မိုးအကုန် မြူနှင်းသန်း
ဆောင်းနိဒါန်း လှပန်းချီ
"ကြတ္တိကာ" စန်းယုဉ်တယ်
နက္ခတ်ကြံညီ ။
* မြကန်ရိပ် "ကြာငါးမည်"
တင့်ဝေစည်ထူးပေခြင်း
စံပယ်လိုင်း နှင်းရည်စွတ်တဲ့
ဝါကျွတ်အခင်း ။
* စေတနာသုံးတန် ပြဋ္ဌာန်းလို့
လှူဒါန်းကြ အလှူတော်
အလှူရှင် အလှူအမများလည်း
အားရ ရွှင်ပျော် ။
* သဒ္ဓါတရား ဝေဖြာသနော်
လှူဒါန်းရာ အံ့မခန်း
အိုးစည်သံ ညံမစဲတယ်
ဆင်နွှဲ ခြိမ့်လွှမ်း ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)



(၉၂)ကြိမ်မြောက် သံဃိကဒါန ဆွမ်းလောင်းလှူ

မန္တလေး၊ နိဝင်ဘာ ၁၇

ရတနာသိန်းထိုက်အောင်ထီဆိုင်ကြီးနှင့် (၉၂)ကြိမ်မြောက် သိန်းနှစ်ထောင်ကံထူးရှင်တို့ စုပေါင်း၍ သံဃိကဒါန ဆွမ်းလောင်းလှူခြင်းကို ယနေ့ နံနက် ၅နာရီက မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပရိယတ္တိ စာသင်တိုက်ကြီးများမှ ရဟန်းသာမဏေ အပေါင်း၅၀၀ကျော်တို့အား ထီဆိုင်ဝန်ထမ်းများနှင့် သိန်းနှစ်ထောင်ကံထူးရှင်မှ ဆွမ်းဘောဇဉ်များဖြင့် လောင်းလှူကြသည်။ အဆိုပါ ထီဆိုင်ကြီးမှ (၉၂)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် သိန်း ၂၀၀၀ ကံထူးရှင်နှင့် အခြားဆုမဲပေါင်းများစွာဖြင့် ငွေကျပ်သိန်းတစ်သောင်းကျော် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **(ကဆ)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ လမ်းစဝနှင့်ဝဒကြား၊ ၃၄လမ်းနေ ဒေါက်တာဦးမြဦး+ဒေါ်နု၆ မိသားစုတို့မှ ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းအား လူဒါန်းရာ စီဝိတဒါနသံဃာ့ဆေးရုံကြီး ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီမှ ဒေါ်ခင်စန်းလွင်၊ ဒေါ်ဌေးဌေးသိန်း၊ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်ကေသီကို၊ ဒေါက်တာဒေါ်သူစာမျိုးမျိုးဝင်း၊ ဆေးရုံအုပ်ကြီးဒေါက်တာဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

(ကဆ)

တန်ဆောင်တိုင်ပွဲတော်ကာလ မီးပုံးပျံလွှတ်တင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ညောင်ဦး နိဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိဝင်ဘာ ၁၆ရက် မွန်းလွဲ ၃နာရီက တန်ဆောင်တိုင်ပွဲတော်ကာလ မီးပုံးပျံလွှတ်တင်နိုင်ရေး၊ မီးအလှဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး အေးမင်းစိုးက တန်ဆောင်တိုင်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးဇေပိုင်ထက်က တန်ဆောင်တိုင်မီးပုံးပျံပွဲတော် မီးအလှဆင်ရေးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ ရာကျောင်းတိုက်အသီးသီးသို့ ဆက်သွယ်ကာ ကထိန်နှင့် ပတ်သက်၍ ဆွေးနွေးကြရန်လိုအပ်ကြောင်း၊ ကထိန်လှည့်လည်ပူဇော်ပွဲကို နိဝင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်၍ ရေစက်ချ အခမ်းအနားကို နိဝင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကထိန်ကျင်းပရေး အတွင်းရေးမှူး ဦးထိန်လင်းက ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြသပိတ်နှင့် ကျောင်းတိုက်များအား မဲနှိုက်ရွေးချယ်ကြသည်။ ကန့်ဘလူမြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းရှိပြီး မြို့နယ်အတွင်း ရှိကျောင်းတိုက်များကိုလည်း ကထိန်အာနိသင်မရရှိသော ကျောင်းများ မကျန်ရှိစေရေး စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **(အောက်ပုံ)**

အောင်ဝင်းဦးမိုး(ကန့်ဘလူ)



မြသပိတ်နှင့်ကျောင်းတိုက်များ မဲနှိုက်ရွေးချယ်ပွဲကျင်းပ

ကန့်ဘလူ နိဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗဟိမာန်တော်၌မြသပိတ်နှင့် ကျောင်းတိုက်များအား မဲနှိုက်ရွေးချယ်ပွဲကို နိဝင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များအနေဖြင့် မိမိတို့မဲပေါက်



ကျောင်းစာကြည့်တိုက်သို့ သုတ/ရသစာအုပ်များလှူဒါန်း

မန္တလေး နိဝင်ဘာ ၁၇

မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းရှိ လင်းရောင် ခြည်စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များ လူဒါန်းပွဲကို နိဝင်ဘာ ၁၆ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းစာကြည့်တိုက်တွင် ကျင်းပသည်။

ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က မီးပုံးပျံများ လွှတ်တင်ရာတွင် မီးပုံးပျံကွင်းအား သီတင်းကျွတ်ကာလ လွှတ်တင်သည့် မီးပုံးပျံကွင်းနှင့် ဈေးဆိုင်ခန်းများ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တင်ပြလာသည့် လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးက တန်ဆောင်တိုင်ပွဲတော်ကာလ မီးပုံးပျံလွှတ်တင်နိုင်ရေး လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၈၁)

o-o-o-o

o-o-o-o-o-o-o

ဘိုးဘွားများအား လှူမှုရေးပင်စင်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်

မိုင်းယောင်း နိဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနသည် ယနေ့ နံနက် ပိုင်းက မြန်မာ့စီးပွားရေးဘဏ် ခွဲ၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်နှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၄င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း အကျိုးခံစားခွင့်ရှိသူများအား နိုင်ငံတော်မှ ပေးအပ်သည့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)



ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID များ ပြုလုပ်

စဉ့်ကိုင် နိဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှုရုံးခွဲ လမင်းစိမ်ချက်ဖြင့် နိဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အ-ထ-က(စော်ရဲ)ရှိ အသက် (၁၀)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID (ခေါ်) (Smart Card) များ ရိုက်ကူးပေးခဲ့သည်။

(အောက်ပုံ)



ထိုသို့ဆောင်ရွက်ရာတွင် စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှုရုံးမှ မြို့နယ်ဦးစီးမှုး ဦးဝေလင်းနှင့် ဝန်ထမ်းများက စော်ရဲကျေးရွာအုပ်၊ အ-ထ-က(စော်ရဲ)ရှိ အသက် (၁၀)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၄၅ ဦး နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၍ ဂဏန်း ၁၀ လုံးပါ UID (ခေါ်) (Smart Card)များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**



မြို့နယ်အဆင့် အရန်သားဖွား(မွမ်းမံ)သင်တန်းဖွင့်

မတ္တရာ နိုဝင်ဘာ ၁၇

မန္တလေး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် မြို့နယ်အဆင့် အရန်သားဖွား(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ကွင်းဆင်းကျန်းမာရေး အရာရှိ ဒေါက်တာဘုန်းစုနိုင်က အမှာစကား ပြောကြားခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်အောင်ကျော်က မြို့နယ်အဆင့် အရန်သားဖွား(မွမ်းမံ)သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဆရာဝန်ကြီးတို့မှ သင်တန်းသူများအား ဆေးသေတ္တာများအား ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦးအား နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(အပေါ်ဝံပုံ) ရွှေရာသား

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



အောင်လံ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဆာမိကုန်း)၌ ကျောင်းသား၊ ကျောင်းသူများ သဘာဝဘေးအန္တရာယ်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ အယ်လ်နီညို ဖြစ်စဉ်အကြောင်း အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၁၆ ရက်မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အ.မ.က(ဆာမိကုန်း)ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းတင့်က စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်လာပုံအကြောင်းအရင်းများ၊ အပူချိန်မြင့်မားခြင်းနှင့် မိုးခေါင်ရေရှားခြင်းစသည့် နောက်ဆက်တွဲသက်ရောက်မှုများ၊ အပူဒဏ်အန္တရာယ်မှ ကြိုတင်ကာကွယ်နေထိုင်ရမည့် နည်းလမ်းများနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ချွေတာသုံးစွဲရေးဆိုင်ရာ သိကောင်းစရာများကို ကျောင်းသား၊ ကျောင်းသူများ နားလည်လွယ်စေရန် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အယ်လ်နီညိုဆိုင်ရာ အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကြို့တင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ) အာကာ(ပြန်/ဆက်)

--*-*-*-*-*

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

အမရပူရ နိုဝင်ဘာ ၁၇

မန္တလေး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အမရအောင်မြေခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ပညာရေးဦးစီးမှူးရုံး ဦးစီးအရာရှိ ဒေါ်သန်းသန်းဦးက ပညာရေးနှင့် ပတ်သက်၍ ထပ်ဆင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က စိုက်ပျိုးရေးနှင့် ပတ်သက်သော အကြောင်းအရာများ အသိပညာပေးဟောပြောခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လဲလဲခိုင်က လူငယ်နှင့် စာဖတ်ခြင်း အကြောင်းအရာများ အသိပညာပေးဟောပြောခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အောင်သန်းတင်က သက်ငယ်မှုဒဏ်ခံနှင့် ပတ်သက်သော အကြောင်းအရာများ အသိပညာပေးဟောပြောခဲ့သည်။ အဆိုပါအခမ်းအနားသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသရာ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) လဲလဲခိုင်



သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်း ထိန်းသိမ်းပါ။

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိ



စစ်ကိုင်း နိုဝင်ဘာ ၁၇

စစ်ကိုင်းမြို့၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်သက်ရောဂါပပျောက်ရေး အရှိန်အဟုန်မြင့်ဆောင်ရွက်ပေး ရည်ရွယ်ချက်ဖြင့် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များရှိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပန်းပဲတန်းရပ်ကွက်တွင် ထိုးနှံပေးခဲ့သည်။

ထိုသို့ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များရှိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းကို စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သွဲ့ဝေလွင်နှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ) နေလင်းအောင်(ပြန်/ဆက်)

မိုးသီးနှံ စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

သရက် နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ သရက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုအား ယမန်နေ့ နံနက် ၈ နာရီက ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးအောင်ကိုနှင့် ကော်မတီအဖွဲ့ဝင်များ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးချမ်းငြိမ်းအေးနှင့် ကော်မတီအဖွဲ့ဝင်များက ထုံးထောင်ကျေးရွာ၊ တောင်သူဦးမင်းဇော်ဦး၏ ကွင်းအမှတ် (71A)။ ဦးပိုင်အမှတ်(၁၀၄)၌ စိုက်ပျိုးထားရှိသော ချည်မျှင်ရှည်ဝါ(ရွှေတောင်-၈) စံပြကွက် ငါးဧကအား စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စိုက်ခင်းမှ ထွက်ရှိသော ဝါများစျေးနှုန်း၊ မှန်ကန်စွာရရှိရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မူလီကျေးရွာ တောင်သူ ဒေါ်စိန်စိန်၏ ကွင်းအမှတ်(၅၂)လယ်မြေတွင် မိုးစပါးမျိုးစေ့ထုတ်(မော်ဘီ-၂) သုံးဧက စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ စံကွက်ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့သည်။ မိုးစပါးအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အချိန်မီ သီးနှံရိတ်သိမ်းခြွေလှေကြရန်နှင့် မိုးစပါးအပြီး ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။အဆိုပါ မိုးစပါးစံပြကွက်အား စံကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှ(အစို)၁၃၁တင်း၊ (အခြောက်) ၁၁၈တင်းတို့ ထွက်ရှိခဲ့ကြောင်း သိရသည်။

ဝေယံ(သရက်)

--*-*-*-*-*

၂၀၂၆ လန်ချန်း-မဲခေါင် ခရီးစဉ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ



နိုဝင်ဘာ ၁၇

၂၀၂၆ လန်ချန်း-မဲခေါင် ခရီးစဉ်ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်က တရုတ်နိုင်ငံ ယူနန်ပြည်နယ် တာ့လီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဖိုရမ်၏ ရည်ရွယ်ချက်မှာ မြစ်နှင့် ရေကန်များ စီမံအုပ်ချုပ်ရေး၊ ရေအားဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရေး၊ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးရှိစွာအသုံးချရေး တို့တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။

ဆွေးနွေးပွဲတွင် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသည့် ဒေသတွင်း ၆ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ၁၀ နှစ်တာခရီးစဉ်ကို ပြန်လည်သုံးသပ်အကဲဖြတ်ခဲ့ကြကာ မကြာသေးမီက တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် ၁၁ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ရရှိခဲ့သော ဘုံသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကို အလေးထားဆွေးနွေးခဲ့ကြသည်။

အဓိက ဆွေးနွေးခဲ့သော ခေါင်းစဉ်များမှာ လန်ချန်း-မဲခေါင် ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ မြစ်နှင့်ရေကန်များ စီမံအုပ်ချုပ်ရေး၊ ရေအား၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်တို့ကို ပေါင်းစပ်အသုံးပြုသည့် စွမ်းအင်အခြေခိုက်စခန်း တည်ဆောက်ရေး၊ ရေကြီးရေလျှံမှု စောင့်ကြည့်လေ့လာရေးနှင့် ရေကြီးရေလျှံမှု ကြိုတင်ခန့်မှန်းရေးနှင့် ကြိုတင်သတိပေးရေး နည်းပညာများ ဖြစ်သည်။

ဆွေးနွေးပွဲတွင် ပေကျင်းမြို့မြန်မာသံရုံးမှ စီးပွားရေးသံမှူး ဒေါက်တာခင်စံသာဝင်းက လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုသည် ဒေသတွင်းစီးပွားရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး တည်ငြိမ်မှုတို့နှင့် တိုက်ရိုက် ဆက်စပ်နေကြောင်းများကို ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

(ကဆ)



ပုဗ္ဗသီရိမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်လှစ်

ပုဗ္ဗသီရိ နိဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပုဗ္ဗသီရိမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၊ လူမှုကာကွယ်ရေးဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးဘသန်းက သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကြက်ခြေနီနှင့် ပရဟိတအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလကို နိဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာထွန်းက အမှာစကားပြောကြားပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးဘသန်းက သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကြက်ခြေနီနှင့် ပရဟိတအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလကို နိဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(ဝဝံပုံ)

အောင်ကို(ပုဗ္ဗသီရိ)

o–o–o–o–o

မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး



မကွေး နိဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း အယ်လ်နီညို့ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် နိုင်ရေးအတွက် မီးလန့်မှုနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေး မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသူဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံများတွင် တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ ရေပန့်(Pump)စနစ်များနှင့် မီးလန့်အချက်ပေးစနစ် (Fire Alarm System)များ ကောင်းမွန်မှု ရှိ၊ မရှိ မီးငြိမ်းသတ်ရန် ရေလုံလောက်စွာရရှိရေး စီမံဆောင်ရွက်ထားရှိမှု ရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရန် ဓာတ်တိုက်လေ့ကျင့်ခြင်းများ စီမံဆောင်ရွက်သွားရန် စစ်ဆေးအကြံပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

o–o–o–o–o

မန္တလေးပညာရေးကောလိပ်တွင် အဆောက်အအုံ ဖြိုဖျက်စဉ် သစ်သားထုပ်တန်းပြုတ်ကျ၍ အမျိုးသားတစ်ဦး သေဆုံး၊ လေးဦးဒဏ်ရာရ

မန္တလေး နိဝင်ဘာ ၁၇

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ပညာရေးကောလိပ်အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် နှစ်ထပ်အဆောက်အအုံကို ဖြိုဖျက်နေစဉ် သစ်သားထုပ်တန်းပြုတ်ကျခဲ့ရာ အမျိုးသား တစ်ဦး သေဆုံးပြီး ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ၆၆လမ်း၊ ၃၂ လမ်းနှင့် ၃၃လမ်းကြားရှိ ပညာရေးကောလိပ်အတွင်း ငလျင်ကြောင့် ပျက်စီးနေသည့် အလွှာပေ ၁၀၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်အဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်ရန် ဖြိုဖျက်နေစဉ် ပေ ၁၀၀ ခန့်ရှည်သည့် သစ်သားထုပ်တန်း ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

သစ်သားထုပ်တန်းပြုတ်ကျမှုကြောင့် အသက် ၄၅ နှစ်အရွယ် ဦးမျိုးမင်းထွန်းမှာ ဝဲညာပ်ရိုးကျိုး ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး အသက် ၂၆ နှစ်မှ ၃၈ နှစ်အရွယ် အမျိုးသား ၄ ဦးမှာလည်း ပေါက်ပြဒဏ်ရာနှင့် ကိုယ်ခန္ဓာအာကျင်ဒဏ်ရာများရရှိခဲ့ကာ ဒဏ်ရာများရသူများမှာ အသက်အန္တရာယ် မစိုးရိမ်ရကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူများကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အဆောက်အအုံဖြိုဖျက်မှုၭ တာဝန်ရှိသူအား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



အခြေခံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်း နိဝင်ဘာ ၁၇

စစ်ကိုင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးတက်ရေးနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး အတွက်ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထိုအောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ခေါလွင်မာအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုအောက် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထွက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းကာလ(တစ်လ)ကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေးငြိမ်း(ပြန်/ဆက်)

o–o–o–o–o

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေး

မန္တလေး နိဝင်ဘာ ၁၇

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ အသက်ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ထွန်တံုးရပ်ကွက်ရှိ ရွေမုဒ္ဒေခမ္မာရုံနှင့် မြို့သစ်အမှတ်(၅)ရပ်ကွက်ရှိ ရွှေဘုန်းရောင်ခမ္မာရုံတို့တွင် ထိုးနှံပေးခဲ့သည်။ ထိုသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက အသက်ကိုးလမှ ငါးနှစ်အတွင်းကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်း၊ ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းနှင်းအွဲ့ဝင်များက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း ကလေးငယ် ၁၅၀ ဦးအား အရုပ်များ၊ ပေါင်မုန့်နှင့်ပဲနို့များ ပေးဝေခဲ့ကြောင်း သိရသည်။

(၀၆၉)

စက်သုံးဆီဆိုင်များ အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံစေရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး



ညောင်ဦး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အထူး ဂရုပြုလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦး-မြင်းခြံသွား ကားလမ်းဘေး တစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ပြီး အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦး-မြင်းခြံသွား ကားလမ်းဘေး တစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ပြီး လုပ်ငန်းရှင်နှင့်ဝန်ထမ်းများကို တွေ့ဆုံကာ အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဆောင်ရွက်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ၊ အသင့်အနေထား အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်ဝါယာရိန်းများ စနစ်တကျ တပ်ဆင်ထားရှိမှုအခြေအနေများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကာ ဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် စနစ်တကျ မီးငြိမ်းသတ်ရေးနည်းလမ်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္တီလာ)အမျိုးသားနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မိတ္တီလာ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ မိတ္တီလာမြို့နယ်၌ အမျိုးသားနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်နေ့ နံနက် ၉ နာရီက အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္တီလာ)ခန်းမတွင် ကျင်းပခဲ့သည်။

အမျိုးသားနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္တီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က အဖွင့်အမှာစကားနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး အမျိုးသားနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ထိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက နည်းပညာနှင့် အနာဂတ်လူငယ်၊ လူငယ်တာဝန် ကိုယ်ကျင့်တရား၊ ကျွန်တော်သာ နည်းပညာဆရာမဖြစ်ခဲ့လျှင် စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၆၉)

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်လှစ်သင်ကြားပေး

လားရှိုး နိုဝင်ဘာ ၁၇



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရှမ်းမြောက်ဇုန်)တို့ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းသုံးမျိုးဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က လားရှိုးမြို့ရှိ Golden Hill Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လားရှိုးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ဦးက သင်တန်းဖွင့်လှစ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရှမ်းမြောက်ဇုန်)ဥက္ကဋ္ဌ ဦးဇော်ဇော်က အသင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ပြီး သင်တန်းအမျိုးအစားအလိုက် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။

အဆိုပါ သင်တန်းအား နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ဧည့်ကြိုဝန်ဆောင်မှုသင်တန်း(FO)အား သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးဖြင့် Two Elephants Hotel တွင်လည်းကောင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(HK)အား သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးဖြင့် Golden Hill Hotel တွင်လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်း(F&B Service) သင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးဖြင့် Asia Hotel တွင်လည်းကောင်း စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၇၁ ဦးဖြင့် သက်ဆိုင်ရာ ဟိုတယ်များတွင် စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

တိုင်းရင်းဆေးကုဌာနမှ ကွင်းဆင်းဆေးကုသခြင်းနှင့် ဟောပြောပွဲဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်၌ တိုင်းရင်းဆေးကုဌာနမှ ကွင်းဆင်းဆေးကုသခြင်းနှင့် ဟောပြောပွဲဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အလက(မြို့မ)ကျောင်းတွင် ကျင်းပခဲ့သည်။

မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဦးက အယ်လ်နီညိုကာလတွင်ဖြစ်တတ်သော ကျန်းမာရေးပြဿနာများနှင့် ကြိုတင်ကာကွယ်ရန်အချက်များကို အကျယ်တဝင့်ဟောပြောခဲ့ပြီး ကျောင်းသား၊ကျောင်းသူများအား ရာသီတုပ်ကွေးကြောင့် ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်း၊ ရင်ကျပ်ခြင်းများအတွက် မက်လင်ချဉ်၊ နွယ်ချိုကဲ၊ သွေးဆေးနီ၊ ရင်အုပ်ဆေး၊ ဆေးနံ့သာ၊ တုပ်ကွေးဖျားပျောက်ဆေးများအား ကျောင်းသား၊ ကျောင်းသူများထံ အခမဲ့ဖြန့်ဝေကုသပေးခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဗိဿနိုးမြေ)

အ ထ က(ခွဲ)နန္ဒာတောင်၌ လူငယ်စကားဝိုင်းကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁၇

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျောင်းအုပ်ကြီး ဒေါ်ဟန်သီမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ Grade-10 မှ မောင်ပြည့်ဖြိုးလင်းက လူငယ်နှင့်ယဉ်ကျေးမှု၊ မငြိမ်းဆုဝေက လူငယ်နှင့် ပညာရေး၊ မောင်ရှိုင်းမင်းအောင်က လူငယ်နှင့် မူးယစ်ဆေးဝါး၊ မဇွန်ဖူးခိုင်က လူငယ်နှင့် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေး ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေနွေးခဲ့ကြသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟန်သီမြင့်နှင့် ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ရွှေရန်ကင်း)

--*-*-*-*-*

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရကျွေးမွေး

မြစ်သား နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မြို့ပေါ် အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အာဟာရကျွေးမွေးခဲ့သည်။

KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမများ၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများပူးပေါင်းပြီး KG ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျ လက်ဆေးနည်းများ၊ သွားခံတွင်း သန့်ရှင်းရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ပြီး KG ကျောင်းသား၊ ကျောင်းသူ ၃၇၂ ဦးတို့ကို အာဟာရကျွေးမွေးပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(အောက်ပုံ)**

ဝါဝါမြင့်(မြစ်သား)



ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၅၂ ခဲစင်းတောင်ခြမ်း)၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြား၊ ၁၀၉ လမ်းနှင့် ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်သန်း(၉/မရတ(နိုင်)၀၈၈၂၂၇)မှ သားသမီးဖြစ်သော ခေါ်ဝါဝါ၊ ဦးဇော်လွင်၊ ခေါ်သွဲ့နှင့် မြေးများဖြစ်သော ဦးကိုကိုဦး၊ ဦးဇင်မင်းထိုက်တို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၇)၊ ဦးပိုင်အမှတ်(၅-ည ခဲစင်း)၊ ၁၀၄ လမ်းတောင်ဘက်၊ ရွာလယ်လမ်းနှင့် ရန်-မန်းဒီးရထားသံလမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ခေါ်နီ(ပါ-၄)ဦးအနက် ခေါ်ကျင်စန်း(ပါ-၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၆၄၇/၂၀၀၃)ဖြင့် ခေါ်နီက ပိုင်ဆိုင်ခဲ့ပြီး အမွေဆက်ခံစာချုပ်အမှတ်(၁၄၂၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ခေါ်ကျင်စန်း(ခ)ကြင်စန်း(၉/မရတ(နိုင်)၀၈၂၇၁)၊ ဦးစန်းလင်း(၉/မရတ(နိုင်)၀၈၂၇၀၈)၊ ခေါ်သန်းသန်းအေး(၁၂/စခန(နိုင်)၀၃၀၇၈၃)တို့က အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်(မြို့သစ်-၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၄)၊ ဦးပိုင်အမှတ်(၆၁)၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဇနီး ခေါ်ခင်သိန်းဦး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၀၆၈/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်း ဦးစိုးလွင်(၉/မနတ(နိုင်)၀၀၉၈၇၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၅၂ ခဲစင်းတောင်ခြမ်း)၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြား၊ ၁၀၉ လမ်းနှင့် ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်သန်း(၉/မရတ(နိုင်)၀၈၈၂၂၇)မှ သားသမီးဖြစ်သော ခေါ်ဝါဝါ၊ ဦးဇော်လွင်၊ ခေါ်သွဲ့နှင့် မြေးများဖြစ်သော ဦးကိုကိုဦး၊ ဦးဇင်မင်းထိုက်တို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဒွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၇၃-ငဝ/၁၁)၊ ရေပေါသောင်လမ်းနှင့် နွားမကြီးလမ်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်ခင်ခင်ဌေး(၉/မရတ(နိုင်)၀၇၆၆၅၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ခေါ်ခင်မျိုးကြည်(၁၂/မဂဒ(နိုင်)၀၀၁၀၃၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဒွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၇၃-ငဝ/၁၀)၊ ရေပေါသောင်လမ်းနှင့် နွားမကြီးလမ်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်ခင်ခင်ဌေး(၉/မရတ(နိုင်)၀၇၆၆၅၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ခေါ်ခင်မျိုးကြည်(၁၂/မဂဒ(နိုင်)၀၀၁၀၃၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဒွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၇၃-ငဝ/၁၂)၊ ရေပေါသောင်လမ်းနှင့် နွားမကြီးလမ်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်ခင်ခင်ဌေး(၉/မရတ(နိုင်)၀၇၆၆၅၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ခေါ်ခင်မျိုးကြည်(၁၂/မဂဒ(နိုင်)၀၀၁၀၃၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဒွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၇၃-ငဝ/၁၃)၊ ရေပေါသောင်လမ်းနှင့် နွားမကြီးလမ်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်ခင်ခင်ဌေး(၉/မရတ(နိုင်)၀၇၆၆၅၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ခေါ်ခင်မျိုးကြည်(၁၂/မဂဒ(နိုင်)၀၀၁၀၃၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဒွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၇၃-ငဝ/၁၄)၊ ရေပေါသောင်လမ်းနှင့် နွားမကြီးလမ်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်ခင်ခင်ဌေး(၉/မရတ(နိုင်)၀၇၆၆၅၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ခေါ်ခင်မျိုးကြည်(၁၂/မဂဒ(နိုင်)၀၀၁၀၃၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြည်ပြိမ်ကိန်းနှင့် ငယ်မိုးမန့်ခွဲမှဴးမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ဂရန်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်	အမှုတွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	အကြောင်းအရာ	
၁။	ဒေါ်ဝင်းသီတာထွေး(၁၂/လနန(နိုင်)၁၅၇၉၉၀)	၎ငယ်းနှင့် ၎ငယ်းထောင့်၊ ဝဲဖွန်တောင်	ဒေါ်လတ်လတ်စိုး	မဟာအောင်မြေ	မ-၄၇	၁၄	အမည်ပြောင်း	၃၇၀၁/ဝ၁၆-၂၀၂၇
၂။	ဒေါ်ခိုင်ဆုဝေ(၉/အစ(နိုင်)၀၂၈၀၀)	၆၇လမ်း၊ ၄၂လမ်းနှင့် ၎ငယ်းကြား။ မဟာဖြိုင်-၂	ဒေါ်ခင်အေးစိန်	မဟာအောင်မြေ	နှ-၀	၄၉+၆၀ အတွင်းမှ (၄၉)ခဲစင်း	ဦးစိုးဦး၊ အမည်ပြောင်း	၃၇၀၂/ဝ၁၆-၂၀၂၇
၃။	ဒေါ်အားလျိုး(၁၃/တနန(နိုင်)၀၈၂၁၁၁)	၁၀လမ်း၊ ၎ငယ်းနှင့် ၎ငယ်းနှစ်ကြား၊ ဝဲဖွန်တောင်	ဒေါ်ဝင်းမေ	မဟာအောင်မြေ	မ-၀၉	၄၀-၁	သက်တမ်းတိုး၊ အမည်ပြောင်း	၃၇၀၀/ဝ၁၆-၂၀၂၇
